# ပဋ္ဌောဂါတကရုဏာသမထဝိနိစ္ဆယ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## တိရစ္ဆာန်မကို ရဟန်းကိုင်သော အာပတ် အဆုံး၊ အဖြတ်ကို ပြခြင်း

တိရစ္ဆာန်မကို ရဟန်းကိုင်ရာ၌၊ ဒုက္ကဋ်အာပတ် ဆုံးဖြတ်ပုံကား။

တေနခေါ ပန သမယေန အညတရော ဘိက္ခု တိရစ္ဆာနဂတိတ္ထိယာ ကာယသံသဂ္ဂံ သမာပဇ္ဇိ။ တဿ ကုက္ကုစ္စံ အဟောသိ၊ ဘဂဝတာ သိက္ခာပဒံ ပညတ္တံ။ ကစ္စိ နုခေါ အဟံ သံဃာဒိသေသံ အာပတ္တိံ အာပန္နောတိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသိ။ လ။ အနာပတ္တိ ဘိက္ခု သံဃာဒိသေသဿ အာပတ္တိ ဒုက္ကဋဿာတိ။ ၊ဝိနိတာ ဌ္ဌ။

တေနခေါပန သမယေန၊ ထိုအခါ၌။ အညတရော၊ တယောက်သော၊ ဘိက္ခု၊ ရဟန်းသည်။ တိရစ္ဆာနဂတိတ္ထိယာ၊ တိရစ္ဆာန်မိမ္မနှင့်။ ကာယသံသဂ္ဂံ။ ကိုယ်လက်နှီးနှောခြင်းသို့။ သမာပဇ္ဇိ၊ ရောက်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ကုက္ကုစ္စံ၊ အလိုလိုသည်။ အဟောသိ၊ ဖြစ်ပြီ။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညတ္တံ၊ ပညတ်အပ်ပြီ။ ကစ္စိနုခေါ၊ အသို့နည်း။ အဟံ၊ ငါသည်။ သံဃာဒိသေသံ၊ သံဃာဒိသိသ်မည်သော။ အာပတ္တိံ၊ အာပတ်သို့။ အာပန္နော၊ ရောက်လေပြီလော။ ဣတိ၊ ဤသို့။ ကုက္ကုစ္စံ၊ ကုက္ကုစ္စသည်။ အဟောသိ၊ ဖြစ်ပြီ။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြားလျှောက်၏၊ ဘိက္ခု၊ ရဟန်း။ ဘော၊ သင်ရဟန်းအား။ သံဃာဒိသေသဿ၊ သံဃာဒိသိသ်

အာပတ်သို့၊ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ဒုက္ကဋသာ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့၊ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ သယံ၊ ကိုယ်တော်တိုင်၊ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ အကာသိ၊ ပြုတော်မူပြီ။ ။ဤကား တိရစ္ဆာန်မကို ရဟန်းကိုင်ရာ၌၊ ဒုက္ကဋ်အာပတ် အဆုံးအဖြတ်။

ဒေသနာဂမ်,ဒေသနာကြား ပြုပုံကား

အဟံ အာဝုသော တိရစ္ဆာနဂတိတ္ထိယာ ကာယသံသဂ္ဂံ သမာပဇ္ဇိတွာ ဒုက္ကဋအာပတ္တိံ အာပန္နော၊ တံ ပဋိဒေသေမီတိ။တေန ဝတ္တဗ္ဗော၊ ပဿသီတိ၊ အာမ ပဿာမီတိ။ အာယတိံ သံဝရေယျာသီတိ။

အာဝုသော၊ ငါ့ရှင်၊ အဟံ၊ ငါသည်။ တိရစ္ဆာနဂတိတ္ထိယာ၊ တိရစ္ဆာန်မိမ္မနှင့်၊ ကာယသံသဂ္ဂံ၊ ကိုယ်လက်နှီးနှောခြင်းသို့။ သမာပဇ္ဇိတွာ၊ ရောက်၍။ ဒုက္ကဋံ၊ ဒုက္ကဋ်မည်သော၊ အာပတ္တိံ၊ အာပတ်သို့။ အာပန္နော၊ရောက်ပြီ၊ တံ၊ ထိုအာပတ်ကို၊ ပဋိဒေသေမိ၊ ဒေသနာကြားပါ၏၊ ဣတိဝေ၊ ဤသို့၊ ဝစနီယော၊ ဆိုအပ်သည်။ အသော၊ ဖြစ်ရာ၏၊ တေန၊ ထိုဒေသနာ ခံသောရဟန်းသည်၊ ဝတ္တဗ္ဗော၊ဆိုအပ်၏။ပဿသိ၊ ရှုလော့၊ ဣတိ၊ ဤသို့၊ ဝတ္တဗ္ဗော၊ ဆိုအပ်၏၊အာမ ပဿာမိ၊ ဩဝ်ရှုပါ၏၊ ဣတိဝေ၊ ဤသို့၊ ဝစနီယော၊ ဆိုအပ်သည်။ အသော၊ ဖြစ်ရာ၏၊ အာယတိံ၊ နောင်ခါ၊ သံဝရေယျာသိ၊စောင့်ရှောက်လေလော့၊ ဣတိ၊ ဤသို့၊ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ။ဤကား ဒေသနာ ခံသောရဟန်း တပါးသို့ကပ်၍၊ ဒေသနာ ဂမ် ဒေသနာ ကြားပြုသော သာမည ပဋိညာတကရဏ သမတ။

ရဟန်း ချင်းချင်း လဘက်ရည် ကရားနှင့် ရွယ်သော အာပတ် အဆုံးအဖြတ်ကို ပြခြင်း

ရဟန်းတပါးသည်၊ ရဟန်းတပါးအား၊အမျက်ထွက်၍၊ လဘက်ရည်ကရားနှင့် ရွယ်ရာ၌၊ ပါစိတ်အာပတ် ဆုံးဖြတ်ပုံကား။

**ယော ပန ဘိက္ခု ဘိက္ခုဿ ကောပိတော အနတ္တမနော တလသတ္တိကံ ဥဂ္ဂိရေယျ၊ ပါစိတ္တိယံ။** ။တလ သတ္တိက သိက္ခာပုဒ်။

ယောပန ဘိက္ခု၊ အကြင်ရဟန်းသည်ကား၊ ဘိက္ခုဿ၊ ရဟန်း တပါးအား။ ကောပိတော၊ အမျက်ထွက်သည်ဖြစ်၍၊ အနတ္တမနော၊ နှလုံးမသာယာသည်ဖြစ်၍၊ ဘလသတ္တိကံ၊ လက်ဝါးပျက်ကို၊ ဥဂ္ဂိရေယျ၊ မိုး·ငြားအံ့၊ တဿဘိက္ခုနော၊ ထိုရဟန်းအား၊ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သည်၊ ဟောတိ၊ ဖြစ်၏၊ ။အနက်။

လဘက်ရည် ကရားနှင့် ရွယ်သည်ကို၊ လက်ဝါးပျက်မိုးသည်ဟု ဆိုရမည်၊ လက်ဝါးပျက်မိုးခြင်းကား ၂-ပါး။ ၂-ပါးဟူသော်ကား၊ ကိုယ်ကို ကြွ ချီ ရွယ်မိုးသည်လည်း တပါး၊ ကိုယ်နှင့် စပ်သော ဝတ္ထု တစုံတခုကို၊ ကြွ-ချီ-ရွယ်မိုးသည်လည်း တပါး။

**တလသတ္တိကံ ဥဂ္ဂိရေယျာတိ ကာယံဝါ ကာယပဋိဗဒ္ဓံဝါ အန္တမသော ဥပ္ပလပတ္တမ္ပိ ဥစ္စာရေတိ၊ အာပတ္တိ ပါစိတ္တိယဿ။** ။ပဒဘာဇနီ။

တလသတ္တိကံ ဥဂ္ဂိရေယျာတိ၊ တလသတ္တိကံ ဥဂ္ဂိရေယျ-ဟူသည်ကား၊ ကာယံဝါ၊ ကိုယ်ကိုသော်လည်း။ ဥစ္စာရေတိ၊ ကြွ-ချီ-ရွယ်မိုး၏၊ ကာယပဋိဗဒ္ဓံဝါ၊ ကိုယ်နှင့်စပ်သော ဝတ္ထု တစုံတခုကို သော်လည်း၊ ဥစ္စာရေတိ၊ ကြွ ချီ-ရွယ်မိုး၏၊ အန္တမသော၊ အယုတ်သဖြင့်၊ ဥပ္ပလ ပတ္တမ္ပိ၊ ကြာဖက်ကိုသော်လည်း။ ဥစ္စာရေတိ၊ ကြွ-ချီ-ရွယ်မိုး၏။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား၊ ပါစိတ္တိယဿ၊ ပါစိတ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ ဖြစ်၏။ ။ဤကား ရဟန်းတပါးသည်၊ ရဟန်းတပါးအား အမျက်ထွက်၍၊ လဘက်ရည်ကရားနှင့် ရွယ်ရာ၌ ပါစိတ် အာပတ် အဆုံး အဖြတ်။

**ဒေသနာဂမ်, ဒေသနာ ကြားပြုံပုံကား**

**အဟံ အာဝုသော ဘိက္ခုဿ တလသတ္တိကံ ဥဂ္ဂိရိတွာ ပါစိတ္တိယံ အာပတ္တိံ အာပန္နော၊ တံ ပဋိဒေသေမိ**

တေန ဝတ္တဗ္ဗော၊ ပဿတိတိ၊ အာမ ပဿာမီတိ၊ အာယတိံ သံဝရေယျာသီတိ။

အာဝုသော၊ ငါ့ရှင်၊ အဟံ၊ ငါသည်၊ ဘိက္ခုသော၊ ရဟန်းတပါး အား၊ တလသတ္တိကံ၊ လက်ဝါးဖျက်ကို၊ ဥဂ္ဂိရိတွာ၊ ရွယ်၍၊ ပါစိတ္တိယံ၊ ပါစိတ်မည်သော။ အာပတ္တိံ၊ အာပတ်သို့၊ အာပန္နော၊ ရောက်ပြီ၊ တံ၊ ထိုအာပတ်ကို၊ ပဋိဒေသေမိ၊ ဒေသနာ ကြားပါ၏။ ဣတိ ဧဝံ၊ ဤသို့၊ ဝစနီယော၊ ဆိုအပ်သည်။ အသော၊ ဖြစ်ရာ၏။ တေန၊ ထိုဒေသနာ ခံသော ရဟန်းသည်၊ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ပဿသိ၊ ရှုလော့။ ဣတိ၊ ဤသို့၊ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ အာမ ပဿာမိ၊ မြင် ရှုပါ၏။ ဣတိဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အသော၊ ဖြစ်ရာ၏။ အာယတိံ၊ နောင်ခါ။ သံဝရေယျာသိ၊ စောင့်ရှောက်လေလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ။ဤကား ဒေသနာခံသော ရဟန်းတပါးသို့ကပ်၍၊ ဒေသနာဂမ္ဘ ဒေသနာ ကြားပြုသော သာမည ပဋိညာတ ကရဏာသမထ။

## ရဟန်းချင်းချင်း မခံချင်အောင် ပြောဆိုသော အာပတ် အဆုံး အဖြတ်ကို ပြခြင်း

ရဟန်းတပါးနှင့်တပါး အငြင်း အခုံ ဖြစ်ပွါး၍၊ အပြန် အလှန် မခံချင်အောင် ပြောဆိုရာ၌၊ ပါစိတ် အာပတ် ဆုံးဖြတ်ပုံကား။

ဩမသဝါဒေ ပါစိတ္တိယံ။ ။ဩမသဝါဒ သိက္ခာပုဒ်။

ဩမသဝါဒေ၊ နှိပ်လှန်ထိုးခြင်းကြောင့်၊ ဘိက္ခုနော၊ ထို ရဟန်းအား၊ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်၊ ဟောတိ၊ ဖြစ်၏။ အနက်။

အပြန်အလှန် မခံချင်အောင် ပြောဆိုခြင်းကို၊ နှိပ်လှန်ထိုးသည် ဟု ဆိုရမည်။ နှိပ်လှန်ထိုးသော ဩမသ ဝါဒအပြား အခြင်းအရာ ၁၀-ပါး။

ဩမသဝါဒေါ နာမ ဒသဟိ အာကာရေဟိ ဩမ
သတိ။ ဇာတိယာပိ နာမေနပိ ဂေါတ္တေနပိ ကမ္မေနပိ

**သိပ္ပေနပိ အာဗာဓေနပိ လိင်္ဂေနပိ ကိလေသေနပိ အာပတ္တိယာပိ အက္ကောသေနပိ။** ။ပဒဘာဇနီ။

ဩမသဝါဒေါနာမ၊ နှိမ့်လှန်ထိုးခြင်းမည်သည်ကား၊ ဒသဟိ၊ ဆယ်ပါးကုန်သော၊ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ဩမသတိ၊ နှိမ့်လှန်ထိုး၏။ ဇာတိယာပိ၊ အမျိုးအားဖြင့်လည်း။ ဩမသတိ၊ နှိမ့်လှန်ထိုး၏၊ ဂေါတ္တေနပိ၊ အနွယ်အားဖြင့်လည်း၊ ဩမသတိ၊ နှိမ့်လှန်ထိုး၏၊ ကမ္မေနပိ၊ အမှုအားဖြင့်လည်း၊ ဩမသတိ၊ နှိမ့်လှန်ထိုး၏၊ သိပ္ပေနပိ၊ အတတ်အားဖြင့်လည်း၊ ဩမသတိ၊ နှိမ့်လှန်ထိုး၏၊ အာဗာဓေနပိ၊ အနာရောဂါအားဖြင့်လည်း။ ဩမသတိ၊ နှိမ့်လှန်ထိုး၏။ လိင်္ဂေနပိ၊ အသွင်အားဖြင့်လည်း။ ဩမသတိ၊ နှိမ့်လှန်ထိုး၏။ ကိလေသေနပိ၊ ကိလေသာအားဖြင့်လည်း၊ ဩမသတိ၊ နှိမ့်လှန်ထိုး၏၊ အာပတ္တိယာပိ၊ အာပတ်အားဖြင့်လည်း၊ ဩမသတိ၊ နှိမ့်လှန်ထိုး၏၊ အက္ကောသေနပိ၊ ဆဲရေးခြင်းအားဖြင့်လည်း။ ဩမသတိ၊ နှိမ့်လှန်ထိုး၏၊ ။အနက်။

ဤပဒဘာဇနီဖြင့်၊ ဩမသ ဝါဒ အပြား အခြင်းအရာ ၁၀-ပါးကိုသာပြ၏၊ ဩမသ ပုဒ်၏ နှိမ့်လှန်ထိုးသော အနက်ကို မပြ၊ ကောသမ္ဗက ခန္ဓက ဒီဃာဝုသုတ်၏ နိဒါန်း ပါဠိဖြင့်ပြ၏။ ပြပုံကား၊

**တေန ခေါပန သမယေန ဘိက္ခူ သံဃမဇ္ဈေ ဘဏ္ဍနဇာတာ ကလဟဇာတာ ဝိဝါဒါပန္နာ အညမညံ မုခသတ္တီဟိ ဝိတုဒန္တာ ဝိဟရန္တိ။** ။နိဒါန်းပါဠိ။

တေန ခေါပန သမယေန၊ ထိုအခါ၌၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ သံဃမဇ္ဈေ၊ သံဃာ၏ အလယ်၌၊ ဘဏ္ဍနဇာတာ၊ ငြင်းခုံသော သဘောရှိကြကုန်သည်ဖြစ်၍၊ ကလဟဇာတာ၊ ခိုက်ရန်ဖြစ်သော သဘောရှိကြကုန်သည်ဖြစ်၍၊ ဝိဝါဒါ၊ ငြင်းခုံခြင်းသို့။ အာပန္နာ၊ ရောက်ကြကုန်သည်ဖြစ်၍၊ အညမညံ၊ အချင်းချင်း၊ မုခသတ္တီဟိ၊ နှုတ်လှံ တို့ဖြင့်၊ ဝိတုဒန္တာ၊ ထိုးကြကုန်သည်ဖြစ်၍၊ ဝိဟရန္တိ၊ နေကြကုန်၏။

ဤသို့ ကောသမ္ဗက ခန္ဓက ဒီဃာဝုသုတ်၏ နိဒါန်းပါဠိဖြင့်၊ ဩမသဝါဒ-ပုဒ်၏ နှုတ်လှန်ထိုးသော အနက်ကို၊ မုခသတ္တီဟိ ဝိတုဒန္တာ-ဟု ပြခြင်းကြောင့်၊ ဩမသဝါဒေကို၊ ဩမသတိ ဝါ၊ ဧနာတိ ဩမသဝါဒေါ-ဟု ဝိဂြိုဟ်ပြု၍၊ တသ္မိံ ဩမသဝါဒေ-ဟု ဝိဘတျံ-ခံလျက်၊ ပါစိတ္တိယံ-ဟု နောက်ပုဒ် နှင့်ဆက်၍၊ သိက္ခာပုဒ်သံ အနက် ထွက်စေရမည်။ ။

ယောဘိက္ခု၊ အကြင်ရဟန်းသည်။ ဝါဒေန–သတ္တိ မုခေန၊ နှုတ်လှန်ဖြင့်။ ဩမသတိ ဝိတုဒတိ၊ ထိုးတတ်၏။ ဇာတိတသ္မာ၊ ထိုသို့နှုတ်လှန်ဖြင့် ထိုးတတ်သော သတ္တိကြောင့်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဩမသဝါဒေ၊ ဩမသဝါဒ မည်၏၊

ရဟန်းတပါးနှင့်တပါး၊ အငြင်းအခုံ ဖြစ်ပွါး၍၊ အပြန်အလှန်၊ မခံချင်အောင် ပြောဆိုသော ရဟန်း၏။

တသ္မိံ ဩမသဝါဒေ၊ ထိုနှုတ်လှန်ထိုးခြင်းကြောင့်။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ။ဝိဘတျံ ခံလျက်၊နောက်ပုဒ်နှင့်ဆက်၍၊ သိက္ခာပုဒ်သံ ထွက်သော အနက်။ ။ဤကား ရဟန်းတပါးနှင့်တပါး အငြင်းအခုံ ဖြစ်ပွါး၍။ အပြန်အလှန် မခံချင်အောင် ပြောဆိုရာ၌၊ ပါစိတ် အာပတ် အဆုံးအဖြတ်။

### ဒေသနာဂမ်, ဒေသနာကြား ပြသော်ကား

**အဟံ အာဝုသော ဩမသဝါဒေ ပါစိတ္တိယံ အာပတ္တိံ အာပန္နော၊ တံ ပဋိဒေသေမီတိ။ တေန ဝတ္တဗ္ဗော ပဿသီတိ၊ အာမ ပဿာမီတိ၊ အာယတိံ သံဝရေယျာသီတိ။**

အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဩမသဝါဒေ၊ နှုတ်လှန် ထိုးခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်မည်သော။ အာပတ္တိံ၊ အာပတ်သို့။ အာပန္နော၊ ရောက်ပြီ။ တံ၊ ထိုအာပတ်ကို။ ပဋိဒေသေမိ၊ ဒေသနာကြားပါ၏။ ဣတိဧဝံ၊ ဤသို့။ ဝစနိယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ တေန၊ ထိုဒေသနာခံသော ရဟန်းသည်။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ပဿသိ၊ ရှုလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။

အာမပဿာမိ၊ မြင်ရပါ၏။ ဣတ်ဧဝံ၊ ဤသို့၊ ဝစနိယော၊ ဆိုအပ်သည်၊ အသေ၊ ဖြစ်ရာ၏၊ အာယတိံ၊ နောင်ခါ၌၊ သံဝရေယျာသိ၊ စောင့်ရှောက်လေလော့၊ ဣတိ၊ ဤသို့၊ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ။ သာမညပဋိညာတ ကရဏ သမထ။

## လံချားခ-ဟု ဒါယကာ ချသွားသော ဝတ္ထုစတ္တု ရဟန်း ကောက်ယူသောအာပတ် အဆုံးအဖြတ် ပြခြင်း

တပါးတချပ်ကျ လံချားခ-ဟု ဒါယကာက ဆို၍၊ ချသွားသော ထမတ်တန်စတ္တုကို၊ ရဟန်းကောက်ယူရာ၌၊ နိဿဂ္ဂိ ပါစိတ် အာပတ် ဆုံးဖြတ်ပုံကား။

> ယောပန ဘိက္ခု ဇာတရူပ ရဇတံ ဥဂ္ဂဏှေယျဝါ ဥဂ္ဂဏှာပေယျဝါ ဥပနိက္ခိတ္တံဝါ သာဒိယေယျ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။ရူပိယ သိက္ခာပုဒ်၊

ယောပန ဘိက္ခု၊ အကြင်ရဟန်းသည်။ ဇာတရူပ ရဇတံ၊ ရွှေငွေကို။ ဥဂ္ဂဏှေယျဝါ။ မိမိမူလည်း ကိုင်ယူငြားအံ့၊ ဥဂ္ဂဏှာပေယျဝါ။ သူ့ကိုမူလည်း ကိုင်ဟုစေငြားအံ့၊ ဥပနိက္ခိတ္တံ၊ အနီး၌ ချထားသည်ကို။ သာဒိယေယျဝါ၊ သာယာမူလည်း သာယာငြားအံ့၊ တဿ ဘိက္ခုနော၊ ထိုရဟန်းအား၊ နိဿဂ္ဂိယံ၊ စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သည်၊ ဟောတိ၊ ဖြစ်၏။ ။ အနက်။

> ဥဂ္ဂဏှေယျာတိ သယံ ဂဏှာတိ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ။ ။ပဒဘာဇနီ။

ဥဂ္ဂဏှေယျာတိ၊ ဥဂ္ဂဏှေယျ-ဟူသည်ကား။ သယံ၊ ကိုယ်တိုင်။ ဂဏှာတိ၊ ကိုင်ယူ၏၊ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ နိဿဂ္ဂိယံ၊ စွန့်ခြင်း ဝိနည်း ကံရှိသော၊ ပါစိတ္တိယံ၊ ပါစိတ် အာပတ်သည်၊ ဟောတိ၊ ဖြစ်၏။ ။ဤကား တပါးတချပ်ကျ လံချားခ-ဟု ဒါယကာက-ဆို၍၊ ချသွားသော ထမတ်တန် စတ္တုကို၊ ရဟန်းကောက်ယူရာ၌ နိဿဂ္ဂိ ပါစိတ် အာပတ် အဆုံးအဖြတ်။

တမတ်တန် စတ္တုကို၊ ငွေစတ္တုဟု ဆိုရမည်။ ငွေစတ္တုကို၊ ငွေမာသက-ဟုဆိုရမည်။ ငွေမာသကကို၊ ဇွန့်အပ်သောဝတ္ထု-ဟုဆိုရမည်။

ဇွန့်အပ်သော ဝတ္ထုကား ၄-ပါး

ဇာတရူပံနာမ သတ္ထု ဝဏ္ဏော ဝုစ္စတိ။ ရဇတံနာမ
ကဟာပဏော၊ လောဟမာသကော၊ ဒါရုမာသကော၊
ဇတု မာသကော၊ ယေ ဝေါဟာရံ ဂစ္ဆန္တိ။ ။ပဒဘာဇနီ။

ဇာတရူပံနာမ၊ ရွှေ, ငွေမည်သည်ကို။ သတ္ထုဝဏ္ဏော၊ မြတ်စွာဘုရား၏ အဆင်းတော်နှင့်တူသော ရွှေကို။ ဝုစ္စတိ၊ ဆိုအပ်၏။ ရဇတံနာမ၊ ငွေမည်သည်ကား။ ကဟာပဏော၊ ကျပ်လေးသည်ကား။ ရဇတံနာမ၊ ငွေမည်၏။ လောဟမာသကော၊ လောဟမာသကသည်ကား။ ရဇတံနာမ၊ ငွေမည်၏။ ဒါရုမာသကော၊ ဒါရုမာသကသည်ကား။ ရဇတံနာမ၊ ငွေမည်၏။ ဇတုမာသကော၊ ဇတုမာသကသည်ကား။ ရဇတံနာမ၊ ငွေမည်၏။ ယေမာသကာ၊ အကြင်မာသကတို့သည်။ ဝေါဟာရံ၊ ရောင်းဝယ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တေမာသကာ၊ ထိုမာသကတို့သည်။ ရဇတံနာမ၊ ငွေမည်၏။ ။

ဇာတရူပ ရဇတန္တိ ဧတ္ထ ဇာတရူပန္တိ သုဝဏ္ဏဿနာမံ။လ။ ရဇတံပန သဇ္ဈော် သိလာ ပဝါဠံ ရဇတံ ဇာတရူပန္တိ အာဒိသု ရူပိယံ ဝုတ္တံ။ ဣဓ ပန ယံကိဉ္စိ ဝေါဟာရ ဂမနီယံ ကဟာပဏာဒိ အဓိပ္ပေတံ၊ တေနေဝဿ ပဒဘာဇနေ ကဟာပဏော လောဟမာသကောတိ အာဒိဝုတ္တံ။ တတ္ထ ကဟာပဏောတိ သောဝဏ္ဏမယော ဝါ ရူပိယမယော ဝါ ပါကတိကော ဝါ။ လောဟမာသကောတိ တမ္ဗလောဟာဒီဟိ ကတမာသကော။ ဒါရုမာသကောတိ သာရဒါရုနာ ဝါ ဝေဠုပေသိကာယ ဝါ၊ အန္တမသော တာလပဏ္ဏေနာပိ ရူပံ ဆိန္ဒိတွာ ကတမာသကော။ ဇတုမာသကောတိ လာခါယ ဝါ နိယျာသေန ဝါ ရူပံ သမုဋ္ဌာပေတွာ ကတမာသကော။ ယေဝေါဟာရံ ဂစ္ဆန္တီတိ ဣမိနာ ပန ပဒေန ယော ယော ယတ္ထ ယ

ဇနပဒေ ယာဒါ ယာဒါ ဝေါဟာရံ ဂစ္ဆတိ၊ အန္တမသော အဋ္ဌိမယောပိ စမ္မမယောပိ ရုက္ခဖလ ဗီဇမယောပိ သမုဋ္ဌာပိတရူပေါပိ အသမုဋ္ဌာပိတ ရူပေါပိ သဗ္ဗော သင်္ဂဟိတော။ ဣစ္စေတံ သဗ္ဗမ္ပိ ရဇတံ ဇာတရူပံ ဇာတရူပ မာသကော ဝုတ္တပ္ပဘေဒေါ သဗ္ဗောပိ ရဇတ မာသကောတိ စတုဗ္ဗိဓံ နိဿဂ္ဂိယဝတ္ထု ဟောတိ။ ။အဋ္ဌကထာ။

ဇာတရူပ ရဇတန္တိ ဧတ္ထပဒေသု၊ ဇာတ ရူပ-ဤနှစ်ပုဒ်တို့တွင်။ ဇာတ ရူပန္တိနာမံ၊ ဇာတရူပ-ဟူသော အမည်သည်။ သုဝဏ္ဏဿ၊ ရွှေ၏။ နာမံ၊ အမည်တည်း။ ရဇတံပန၊ ငွေကိုကား။ သင်္ခေါ သိလာ ပဝါဠံ ရဇတံ ဇာတရူပန္တိ အာဒိသု၊ မုတ္တာ, မဏိ, ဝေဠုရိယော, သင်္ခေါ, သိလာ, ပဝါဠံ, ရဇတံ, ဇာတရူပံ, လောဟိတင်္ဂေါ, မသာရ ဂလ္လံ-ဟူသော ရတနာ ၁၀-ပါးတို့၌။ ရူပိယံ၊ ငွေဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဣဓ ပန ရူပိယ သိက္ခာပဒေ၊ ဤရူပိယ သိက္ခာပုဒ်၌သော်ကား။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝေါဟာရဂမနီယံ၊ ရောင်းဝယ်ခြင်းသို့ရောက်သော။ ကဟာပဏာဒိ၊ ကျပ်လေးအစရှိသည်ကို။ ရူပိယံ၊ ငွေဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ အဿ၊ ထိုရဇတ-ဟူသောပုဒ်၏။ ပဒဘာဇနေ၊ ပုဒ်ကို ဝေဘန်ရာ၌။ ကဟာပဏော လောဟ မာသကောတိ အာဒိဝစနံ၊ ကဟာပဏော လောဟ မာသကော-ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တတ္ထဝစနေ၊ ထိုစကားရပ်၌။ ကဟာပဏောတိ၊ ကဟာပဏော-ဟူ သည်ကား။ သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီးသော။ ကဟာပဏောဝါ၊ ကျပ်လေးသည်။ ရဇတမာသကော၊ ငွေမာသကမည်၏။ ပါကတိကော၊ ပကတိဖြစ်သော။ ကဟာပဏောဝါ၊ နီလကဟာပဏ ကျပ်လေးသည်လည်း။ ရဇတမာသကော၊ ငွေမာသကမည်၏။ လောဟ မာသကောတိ၊ လောဟ မာသကော-ဟူသည်ကား။ တမ္ဗလောဟာဒိဟိ၊ ကြေးနီ စသည်တို့ဖြင့်။ ကတ မာသကော၊ ပြုသော လောဟမာသကသည်လည်း။ ရဇတမာသကော၊ ငွေ မာသကမည်၏။ ဒါရု မာသကောတိ၊ ဒါရုမာသကော-

ဟူသည်ကား။ သာရဒါရုနာဝါ၊ သစ်သားနှစ်ဖြင့်သော်၎င်း။ ဝေဠု ပေသိကာယဝါ၊ ဝါးခြမ်းပြားဖြင့်သော်၎င်း။ အန္တမသော၊ အယုတ်သဖြင့်။ တာလ ပဏ္ဏေနာပိ၊ ထန်းရွက်ဖြင့်သော်၎င်း။ ရူပံ၊ အက္ခရာရုပ် တံဆိပ်ရုပ်ကို။ ဆိန္ဒိတွာ၊ ထု၍။ ကတ မာသကော၊ ပြုသော ဒါရုမာသကသည်လည်း၊ ရဇတ မာသကော၊ ငွေမာသကမည်၏။ ဇတု မာသကောတိ၊ ဇတု မာသကော-ဟူသည်ကား။ လာခါယဝါ၊ ချိပ်ဖြင့်သော်၎င်း၊ နိယျာသေနဝါ၊ သစ်စေးဖြင့်သော်၎င်း။ ရူပံ၊ အက္ခရာရုပ် တံဆိပ်ရုပ်ကို၊ သမုဋ္ဌာပေတွာ၊ ဖြစ်စေ၍၊ ကတ မာသကော၊ ပြုသော ဇတု မာသကသည်လည်း၊ ရဇတမာသကော၊ ငွေ မာသကမည်၏၊ယေ ဝေါဟာရံ ဂစ္ဆန္တီတိ ဣမိနာ ပန ပဒေန၊ ယေ ဝေါဟာရံ ဂစ္ဆန္တိ-ဟူသော ဤပုဒ်ဖြင့်သော်ကား၊ ယောယော မာသကော၊ အကြင် အကြင် မာသကသည်။ ယတ္ထယတ္ထ ဇနပဒေ၊ အကြင် အကြင်တိုင်းနိုင်ငံ ဇနပုဒ်၌၊ ယဒါယဒါ ကာလေ၊ အကြင် အကြင် အခါ၌၊ ဝေါဟာရံ၊ ရောင်းဝယ်ခြင်းသို့၊ ဂစ္ဆတိ၊ ရောက်၏။ အန္တမသော၊ အယုတ်သဖြင့်၊ အဋ္ဌိမယောပိ၊ အရိုးဖြင့်ပြီးသည်လည်း ဖြစ်သော၊စမ္မမယောပိ၊ သားရေဖြင့်ပြီးသည်လည်းဖြစ်သော၊ ရုက္ခဖလ ဗီဇမယောပိ၊ သစ်သားဖြင့်ပြီး, သစ်သီးဖြင့်ပြီး,သစ်စေ့ဖြင့်ပြီး သည်လည်းဖြစ်သော၊ သမုဋ္ဌာပိတ ရူပေါပိ၊ ဖြစ်စေအပ်သော အက္ခရာရုပ် တံဆိပ်ရုပ်ရှိသည်လည်း ဖြစ်သော၊ အသမုဋ္ဌာပိတ ရူပေါပိ၊ ဖြစ်စေအပ်သော အက္ခရာရုပ် တံဆိပ်ရုပ်မရှိသည်လည်း ဖြစ်သော၊ သဗ္ဗော၊ အလုံးစုံသော၊ သောသော မာသကော၊ထိုထို မာသကကို၊ တတ္ထတတ္ထ ဇနပဒေ၊ ထိုထို တိုင်းနိုင်ငံ ဇနပုဒ်၌၊တဒါတဒါ ကာလေ၊ ထိုထိုအခါ၌။ ဝေါဟာရံ၊ ရောင်းဝယ်ခြင်းသို့၊ ဂစ္ဆန္တော၊ ရောက်သည်၊ ဟုတွာ၊ ဖြစ်၍၊ ဣမိနာ ရူပိယ သိက္ခာပဒေန၊ ဤရူပိယသိက္ခာပုဒ်ဖြင့်၊ ရဇတ မာသကော၊ ငွေမာသက၌။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ဣတိ၊ ဤသို့။ တံ သဗ္ဗမ္ပိ၊ ဤအလုံးစုံသော ဝတ္ထု အပေါင်း သည်လည်း။ ရဇတံ၊ ငွေလည်း တပါး။ဇာတရူပံ၊ ရွှေလည်း တပါး၊ ဇာတရူပ မာသကော၊ ရွှေမာသကလည်း တပါး။ ဝုတ္တပ္ပဘေဒေါ၊ ဆိုအပ်သော အပြားရှိသော၊သဗ္ဗောပိ၊ အလုံးစုံလည်း ဖြစ်

သော၊ ရဇတမာသကော၊ ငွေမာသကလည်း တပါး။ ဣတိ၊ ဤသို့၊ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ နိဿဂ္ဂိယ ဝတ္ထု၊ စွန့်အပ်သော ဝတ္ထုသည်။ ဟောတိ၊ ဖြစ်၏။ ။အနက်။

အဓိပ္ပါယ်ကား။ ဤရူပိယသိက္ခာပုဒ်၌၊ စွန့်အပ်သောဝတ္ထုအားဖြင့် ၄-ပါး၊ ၄-ပါးဟူသော်ကား၊ ငွေလည်း စွန့်အပ်သောဝတ္ထုအားဖြင့် တပါး၊ ရွှေလည်း စွန့်အပ်သောဝတ္ထုအားဖြင့် တပါး၊ ငွေမာသကလည်း စွန့်အပ်သောဝတ္ထုအားဖြင့် တပါး၊ ရွှေမာသကလည်း စွန့်အပ်သောဝတ္ထုအားဖြင့် တပါး။ မာသကသည်ကား၊ ၃-ပါး။ ၃-ပါးဟူသော်ကား၊ ရွှေမာသကလည်း တပါး၊ ငွေမာသကလည်း တပါး၊ အလေးမာသကလည်း တပါး။ ထို၃-ပါးတို့၌၊ မာသကသဒ္ဒါ ဆရာသွားတို့ ဝိဂြိုဟ်မဆို။ ဆိုသော်ကား၊ သကဿ ပတိ မာသကော-ဟု၊ အဗျာယီဘော-ဆို။ ရွှေမာသက အရာဌာနဖြစ်မူ၊ သက-သဒ္ဒါ၊ ရွှေကို ဟော၏။ မာ-သဒ္ဒါ၊ အစားကိုဟော၏။ အလေးမာသက အရာဌာန ဖြစ်မူ၊ သက-သဒ္ဒါ၊ ကျပ်လေးကိုဟော၏။ မာ-သဒ္ဒါ၊ အစားကို ဟော၏။ ရွှေမာသက အရာဌာန၌ အနက်ပေးမူ၊ သကဿ၊ ရွှေ၏။ ပတိ၊ အစားတည်း။ မာသကော၊ ရွှေ၏အစား။ ဇာတရူပမာသကော၊ ရွှေမာသကရ၏။ ငွေမာသက အရာဌာန၌ အနက်ပေးမူ၊ သကဿ၊ ငွေ၏။ ပတိ၊ အစားတည်း။ မာသကော၊ ငွေ၏အစား။ ရဇတမာသကော၊ ငွေမာသက ရ၏။ အလေးမာသကအရာ၌ အနက်ပေးမူ၊ သကဿ၊ ကျပ်လေး၏။ ပတိ၊ အစားတည်း။ မာသကော၊ ကျပ်လေး၏အစား။ သုဝဏ္ဏမာသကကော၊ အလေးမာသက ရ၏။

ဤ သုဝဏ္ဏမာသကော-ဟူသောပုဒ်၌၊ သုဝဏ္ဏ-သဒ္ဒါသည်ကား၊ ရွှေကိုမဟော၊ ကျပ်လေးကိုသာဟော၏။ မာသက-သဒ္ဒါသည်ကား၊ ပဲကိုမဟော၊ ကျပ်လေး၏အစားကိုသာဟော၏။ ကျပ်လေးမှအထက်၊ ဆယ်လေး, ရာလေး, ထောင်လေး, သောင်းလေး, သိန်းလေး, သန်းလေး, ကုဋေအစရှိသော အလေးသည်ကား၊ ကျပ်လေး၏အစားပြု၍၊ ရောင်းဝယ်ခြင်းသို့ရောက်ခြင်းကြောင့်၊ အလေးမာသကမည်၏။ ကျပ်လေးမှအောက်၊ မတ်လေး, မူးလေး, ပဲလေး, ရွေးလေး, စပါး

အစရှိသော အလေးသည်ကား၊ ကျပ်လေး၏ အစားပြု၍၊ ရောင်းဝယ်ခြင်းသို့ရောက်ခြင်းကြောင့်၊ အလေးမာသကမည်၏။ အလေးမာသက-ဟု အသုံးပြုသောကာလ၊ စပါးတလုံးတလုံးသည်၊ စပါးလေးမည်၏။ အလေးမာသက-ဟု အသုံးပြုသောကာလ၊ ရွှေးတလုံးတလုံးသည်၊ ရွှေးလေးမည်၏။ အလေးမာသကဟု အသုံးပြုသောကာလ၊ မန်ကျည်းစေ့တလုံးတလုံးသည်၊ ပဲလေးမည်၏။ အလေးမာသက-ဟု အသုံးပြုသောကာလ၊ ကလိန်စေ့တလုံးတလုံးသည်၊ မတ်လေးမည်၏။ အလေးမာသက-ဟု အသုံးပြုသောကာလ၊ မက်လင်စေ့တလုံးတလုံးသည်၊ မူးလေးမည်၏။

ဤမတ်လေးသည်ကား ၂-ပါး။ ၂-ပါးဟူသော်ကား၊ ၅-ပဲ အချိန်ရှိသော မတ်လေးလည်း တပါး၊ ၄ ပဲ အချိန်ရှိသော မတ်လေးလည်း တပါး။ ထို-၂-ပါးတို့တွင်၊ နီလကဟာပဏမည်သော ကျပ်လေး၏ လေးပုံတပုံအချိန်ရှိသော မတ်လေးသည်ကား၊ ၅ ပဲ အချိန်ရှိသော မတ်လေးမည်၏။ ဒုဒြဒါမကမည်သော ဒင်္ဂါးကျပ်လေး၏ လေးပုံတပုံအချိန်ရှိသော မတ်လေးသည်ကား၊ ၄-ပဲ-အချိန်ရှိသော မတ်လေးမည်၏။ ဤ ၂-ပါး မတ်လေးကိုရည်၍၊ စတ္တာရော ဝိဟယော ဂုဥ္ဇာ၊ ဒွေဂုဥ္ဇာ မာသကော ဘဝေ။ ဒွေအက္ခာ မာသကာ ပဉ္စ၊ က္ခာနံ ဓရဏမဋ္ဌကံ။-ဟူသော ဂါထာကို၊ အဘိဓာန်၌ဆို၏။ ဤဂါထာကို-အနက်ပေးနည်းကား ၂-ပါး။ ၂-ပါးဟူသော်ကား၊ သုဝဏ္ဏ မာသကနည်း အနက်ပေးခြင်းလည်း တပါး၊ အာဒျ မာသကနည်း အနက်ပေးခြင်းလည်း တပါး။ ထို ၂-ပါးတို့တွင်၊ သုဝဏ္ဏ မာသကနည်း အနက် ပေးခြင်းသည်ကား၊ တဝက်တဝက် ရေတွက်၍ အနက်ကို ပေးခြင်းကြောင့်၊ အသိခက်၏၊ အသိမလွယ်။ အာဒျမာသကနည်း အနက်ပေးခြင်းသည်ကား၊ အကုန် အကုန်ရေတွက်၍ အနက်ကိုပေးခြင်းကြောင့်၊ အသိမခက်၊ အသိလွယ်၏။ အသိလွယ်သော အနက်ကို သာ ပေးမည်။ စတ္တာရောဝိဟယော၊ လေးစပါးတို့သည်။ ဂုဥ္ဇာ၊ တရွေးမည်၏။ ဒွေဂုဥ္ဇာ၊ နှစ်ရွေးတို့သည်။ အက္ခော၊ တပဲဝက်မည်၏။ ဒွေအက္ခာ၊ နှစ်ပဲဝက်တို့သည်။ မာသကော၊ တပဲ

သည်။ ဘဝေ၊ ဖြစ်၏၊ ပဥ္စမာသကာ၊ ငါးပဲတို့သည်။ ရေကာ၊ တာ မတ်မည်၏။

ကျပ်လေးသည်ကား ၄-ပါး၊ ၄-ပါး ဟူသော်ကား၊ ရွှေကျပ်လေး တပါး၊ ငွေကျပ်လေး တပါး၊ ကြေးနီကျပ်လေး တပါး၊ မိဿက ကျပ်လေး တပါး။ ထိုလေးပါးတို့တွင်၊ အချိန်အားဖြင့်။ ပဲ ၂၀-ရှိသော၊ ရွှေဖြင့်ပြီးသော ကျပ်လေးသည်ကား၊ ရွှေကျပ်လေးမည်၏။ အချိန်ပဲ ၂၀-ရှိသော ငွေဖြင့်ပြီးသော ကျပ်လေးသည်ကား၊ ငွေကျပ်လေးမည်၏။ အချိန်အားဖြင့် ပဲ ၂၀-ရှိသော၊ ကြေးနီ ဖြင့်ပြီးသော ကျပ်လေးသည်ကား၊ ကြေးနီကျပ်လေးမည်၏။ အချိန်အားဖြင့် ရွှေ ၅-ပဲ၊ အချိန်အားဖြင့် ငွေ ၅-ပဲ၊ အချိန်အားဖြင့် ကြေးနီ ၁၀-ပဲ၊ ဤ ၂၀-ရောနှောသဖြင့် ပြီးသော ကျပ်လေးသည်ကား၊ မိဿက ကျပ်လေး မည်၏။ ဤမိဿက ကျပ်လေးကား၊ နီလကဟာပန ကျပ်လေး မည်၏။

နီလကဟာပဏ ကျပ်လေး၏ အဓိပ္ပါယ်ကို၊ အကျယ်ဆိုသော်ကား၊ ရွှေ, ငွေ ၁၀-ပဲ သည်ကား၊ ပုဗ္ဗသောဠတု ပုဗ္ဗသောဠတုသည်ကား၊ ပုဗ္ဗသောကာလ အချိန်ပိုလွန်၏။ ဥသောကာလ အချိန်ယုတ်လျော့၏။ ကြေးနီ ၁၀-ပဲ သည်ကား၊ ဥသောဠတု ဥသောဠတုသည်ကား၊ ဥသောကာလ အချိန်ပိုလွန်၏၊ ပုဗ္ဗသောကာလ အချိန်ယုတ်လျော့၏။ ရွှေ,ငွေ ၁၀-ပဲ သည်ကား၊ ပုဗ္ဗသောကာလ၊ ၁၀ပဲ-ထက် အချိန်ပိုလွန်၏။ ကြေးနီ ၁၀-ပဲ သည်ကား၊ ပုဗ္ဗသောကာလ၊ ၁၀ပဲ-အောက် အချိန်ယုတ်လျော့၏။ ကြေးနီ ၁၀-ပဲ သည်ကား၊ ပုဗ္ဗသောကာလ၊ ၁၀-ပဲ အောက် ယုတ်လျော့သော အချိန်၏ အတွက်၊ ရွှေ,ငွေ ၁၀-ပဲ သည်ကား၊ ပုဗ္ဗသောကာလ၊ ၁၀-ပဲ ထက် ပိုလွန်သော အချိန် နှင့် ညီမျှ၍၊ ကြေးနီ ၁၀-ပဲ သည်ကား၊ ပုဗ္ဗသောကာလ၊ ၁၀-ပဲ အောက် အချိန် ယုတ်လျော့သည်လည်းမရှိ၊ ရွှေ,ငွေ ၁၀-ပဲ သည်ကား၊ ပုဗ္ဗသောကာလ၊ ၁၀-ပဲ ထက် အချိန်ပိုလွန်သည်လည်းမရှိ၊ ပဲ ၂၀-အညီ အမျှ ဖြစ်၏။ ကြေးနီ ၁၀-ပဲ သည်ကား၊ ဥသောကာလ၊ ၁၀-ပဲ ထက် အချိန်ပိုလွန်၏။ ငွေ,ရွှေ ၁၀-ပဲ သည်ကား၊ ဥသောကာလ၊ ၁၀-ပဲ

အောက် အချိန်ယုတ်လျော့၏။ ရွှေ, ငွေ ၁၀-ပဲ သည်ကား၊ ဧသော ကာလ၊ ၁၀-ပဲ အောက် ယုတ်လျော့သော အချိန်၏ အတွက်။ ကြေးနီ ၁၀-ပဲ သည်ကား၊ ဧသောကာလ၊ ၁၀-ပဲ ထက် ပိုလွန်သောအချိန်နှင့်ညီမျှ၏။ ရွှေ, ငွေ ၁၀-ပဲ သည်ကား၊ ဧသောကာလ၊ ၁၀-ပဲ အောက် အချိန်ယုတ်လျော့သည်လည်း မရှိ။ ကြေးနီ ၁၀-ပဲ သည်ကား၊ ဧသောကာလ၊ ၁၀-ပဲ ထက် အချိန်ပိုလွန်သည်လည်းမရှိ၊ ပဲ ၂၀-အညီအမျှဖြစ်၏။

ဤသို့ ပဲ ၂၀-အောက် အချိန်ယုတ်လျော့သောအပြစ်၊ ပဲ ၂၀-ထက် အချိန်ပိုလွန်သော အပြစ်၏ မရှိခြင်းကြောင့်၊ နီလကဟာပဏ ကျပ်လေးမည့်ကြောင်းကို၊ ဝိနိစ္ဆယ ဋီကာ၌ ဆို၏၊ ဆိုပုံကား။-

**လောတိ ဝုစ္စတိ ဒေါသော။ နိဒ္ဒေါသတာ တထီရိ
တော။** ။ဝိနိစ္ဆယဋီကာ။

ဒေါသော၊ ယုတ်လျော့သောအပြစ်, ပိုလွန်သောအပြစ်ကို။ လောတိ၊ လော-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိဒ္ဒေါသတာ၊ ယုတ်လျော့သော အပြစ်, ပိုလွန်သော အပြစ်၏ မရှိခြင်းကြောင့်။ တထာ ဧသော နီလကဟာပဏောတိ နာမ၊ နီလ ကဟာပဏ ကျပ်လေးမည်၏ ဟူ၍။ ဤရိတော၊ မိန့်ဆိုအပ်၏။ ။အနက်။

ရွှေကျပ်လေး၊ ငွေကျပ်လေး၊ ကြေးနီ ကျပ်လေး၏၊ ပဲ ၂၀-အောက် အချိန်ယုတ်လျော့သော အပြစ်၊ ပဲ ၂၀-ထက် အချိန်ပိုလွန်သော အပြစ်ကို၊ ဝဇီရ ဗုဒ္ဓိ ဋီကာ၌ ဆို၏။ ဆိုပုံကား။—

**ကဟာပဏော ကိဉ္စိကာလေ ဦနဝီသတိ မာသ
ကောဟောတိ။ ကိဉ္စိကာလေ အတိရေကဝီသတိ မာ
သကော၊ တသ္မာ တဿ ကဟာပဏဿ စတုတ္ထဘာဂေါ
ပဉ္စမာသကောဝိယ အတိရေက ပဉ္စမာသကောဝါ ဦ
နပဉ္စမာသကောဝါ ပါဒေါတိ ဝေဒိတဗ္ဗံ။** ။ဝဇီရဗုဒ္ဓိ။

ကဟာ ပဏော၊ ရွှေ ကျပ်လေးသည်ကား၊ ကိဉ္စိကာလေ၊ ဧသော အချို့ကာလ၌။ ဦနဝီသတိ မာသကော၊ ပဲ ၂၀-အောက်

ယုတ်လျော့သော အချိန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ ပူသော အချို့ကာလ၌၊ အတိရေက ဝိသတိ မာသကော၊ ပဲ ၂၀–ထက် ပိုလွန်သော အချိန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ရွှေကျပ်လေး၏အနက်။

ကဟာပဏော၊ ငွေကျပ်လေးသည်ကား။ ကိဉ္စိကာလေ၊ ဧသော အချို့ကာလ၌၊ ဦနဝိသတိ မာသကော၊ ပဲ ၂၀–အောက် ယုတ်လျော့သော အချိန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ ပူသော အချို့ကာလ၌၊ အတိရေက ဝိသတိ မာသကော၊ ပဲ ၂၀–ထက် ပိုလွန်သော အချိန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ငွေကျပ်လေး၏အနက်။

ကဟာပဏော၊ ကြေးနီ ကျပ်လေးသည်ကား။ ကိဉ္စိကာလေ၊ ပူသော အချို့ကာလ၌။ ဦန ဝိသတိ မာသကော၊ ပဲ ၂၀–အောက် ယုတ်လျော့သော အချိန်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ ဧသော အချို့ကာလ၌။ အတိရေက ဝိသတိ မာသကော၊ ပဲ ၂၀–ထက် ပိုလွန်သော အချိန်ရှိသည်၊ ဟောတိ၊ ဖြစ်၏။ ။ကြေးနီ ကျပ်လေး အနက်။

တသ္မာ၊ ထို့ကြောင့်။ တသာ ကဟာပဏာသာ၊ ထိုရွှေကျပ်လေး, ငွေကျပ်လေး, ကြေးနီ ကျပ်လေး၏။ စတုဗ္ဗဘာဂေါ၊ ၄–ဘို့ တဘို့ ဖြစ်သော။ ပဉ္စမာသကော၊ ၅–ပဲ သည်။ (ထည့်) ဦနာဓိကော၊ ယုတ်လျော့သော အချိန်, ပိုလွန်သော အချိန်ရှိသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ တသာ ကဟာပဏာသာ၊ ထိုရွှေကျပ်လေး, ငွေကျပ်လေး, ကြေးနီကျပ်လေး၏။ စတုဗ္ဗဘာဂေါ၊ ၄ ဘို့ တဘို့ဖြစ်သော။ ပါဒေါ၊ တမတ်သည်။ အတိရေက ပဉ္စမာသကောဝါ၊ ၅-ပဲ ထက် ပိုလွန်သော အချိန်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဦနပဉ္စမာသကောဝါ၊ ၅-ပဲ အောက် ယုတ်လျော့သော အချိန်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။အနက်။

ဤသို့ သုဝဏ္ဏ, သုဝဏ္ဏ မာသက ၂-ပုဒ်အရဖြစ်သော၊ အလေး, အလေးမာသက ၂-ပါးတို့တွင်၊ အလေးမာသကကို၊ ဤရူပိယသိက္ခာ

ပုန္နဖြင့်၊ ငွေမာသကၡ ရေတွက်အပ်သည်ဖြစ်သောကြောင့်၊ ကဟာပဏောတိ သောဝဏ္ဏမယော ဝါ ရူပိယမယော ဝါ ပါကတိကော ဝါ-ဟု၊ အလေးကိုဆိုပြီးလျှက်၊ သုဝဏ္ဏမာသကော-ဟု၊ အလေးမာသကကို မဆိုဘဲ၊ နိဂုမ်းအုပ်သောကာလ၊ ဇာတရူပမာသကော, ရဇတမာသကော-ဟု၊ ရွှေမာသက, ငွေမာသက ၂-ပါးကိုသာ၊ အဋ္ဌကထာက ပြဆိုတော်မူ၏။ ထို ၂-ပါးတို့တွင်၊ ရွှေမာသကသည်လည်း၊ ငွေမာသကနှင့် အလားတူသည်၏အဖြစ်ကြောင့်၊ သချပ်အားဖြင့် အပြားမရှိ။ ငွေမာသကသည်ကား၊ စွန့်အပ်သောဝတ္ထုအားဖြင့် တပါး၊ သချပ်အားဖြင့်များ၏၊ များပုံကား-

ရွှေကျပ်လေးသည်လည်း၊ ငွေမာသကမည်၏။ ကြေးနီစသည်တို့ဖြင့် ပြုသော၊ လောဟမာသကသည်လည်း၊ ငွေမာသက မည်၏။ သစ်သားနှစ်ဖြင့်၊ အက္ခရာရုပ် တံဆိပ်ရုပ်ထု၍ ပြုသော ဒါရုမာသကသည်လည်း၊ ငွေမာသကမည်၏။ ဝါးခြမ်းပြားဖြင့်၊ အက္ခရာရုပ် တံဆိပ်ရုပ်ထု၍ ပြုသော ဒါရုမာသကသည်လည်း၊ ငွေမာသကမည်၏။ ထန်းရွက်ဖြင့်၊ အက္ခရာရုပ် တံဆိပ်ရုပ်ထု၍ပြုသော၊ ဒါရုမာသကသည်လည်း၊ ငွေမာသကမည်၏။ ချိပ်ဖြင့် အက္ခရာရုပ် တံဆိပ်ရုပ်ထု၍ပြုသော ဇတုမာသကသည်လည်း၊ ငွေမာသကမည်၏။ သစ်စေ့ဖြင့်၊ အက္ခရာရုပ် တံဆိပ်ရုပ်ထု၍ ပြုသော ဇတုမာသကသည်လည်း၊ ငွေမာသကမည်၏။ အရိုးဖြင့်ပြီးသော မာသက၊ သားရေဖြင့်ပြီးသော မာသက၊ သစ်သားဖြင့်ပြီးသော မာသက၊ သစ်သီးဖြင့်ပြီးသော မာသက၊ သစ်စေ့ဖြင့်ပြီးသော မာသကသည်လည်း၊ အက္ခရာရုပ် တံဆိပ်ရုပ် ထုသည်ဖြစ်စေ၊ မထုသည်ဖြစ်စေ၊ ငွေမာသကမည်၏။

ယေ မာသကာ၊ အကြွင်မာသကတို့သည်။ ဝေါဟာရံ၊ ရောင်းဝယ်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တေ မာသကာ၊ ထိုမာသကတို့သည်။ ရဇတံနာမ၊ ငွေမည်၏။-ဟု ဟောတော်မူခြင်းကြောင့်၊ ငွေစက္ကူသည်လည်း၊ အက္ခရာရုပ် တံဆိပ်ရုပ်ထု၍ ငွေ၏အစားပြုခြင်းကြောင့်၊ ငွေမာသကလည်းမည်၏။ ငွေ၏အစားပြု၍ ရောင်းဝယ်ခြင်းသို့ ရောက်

ခြင်းကြောင့်၊ ငွေလည်းမည်၏။ မိုးရထားလက်မှတ်၊ ကားလက်မှတ်၊ သင်္ဘောလက်မှတ်အစရှိသော လက်မှတ်အပေါင်းသည်ကား၊ အက္ခရာရုပ် တံဆိပ်ရုပ်ထု၍ပြုသော်လည်း၊ နေရာတကာ ငွေ၏အစားပြု၍ ရောင်းဝယ်ခြင်းသို့ မရောက်ခြင်းကြောင့်၊ ငွေမည်၏မထင်။ ဤသို့ရွှေမာသက၏အပြား သရုပ်အားဖြင့်များသော်လည်း၊ ရွှေမာသက တခုတည်း၌ ရေတွက်၍။ ငွေမာသက၏အပြား သရုပ်အားဖြင့်များသော်လည်း၊ ငွေမာသက တခုတည်း၌ ရေတွက်၍။ အလေးမာသက၏အပြား သရုပ်အားဖြင့် များသော်လည်း၊ ငွေမာသက တခုတည်း၌ ရေတွက်၍၊ ဤရူပိယ သိက္ခာပုဒ်ဖြင့်၊ စွန့်အပ်သော ဝတ္ထုအားဖြင့်ရင်း။ လေးပါးသာဖြစ်၏။ ၄-ပါးဟူသော်ကား။

ငွေလည်း စွန့်အပ်သောဝတ္ထုအားဖြင့် ၁-ပါးသာဖြစ်၏။ ရွှေလည်း စွန့်အပ်သောဝတ္ထုအားဖြင့် ၁-ပါးသာဖြစ်၏။ ရွှေမာသကလည်း စွန့်အပ်သော ဝတ္ထုအားဖြင့် ၁-ပါးသာဖြစ်၏။ ငွေမာသကလည်း စွန့်အပ်သော ဝတ္ထုအားဖြင့် ၁-ပါးသာဖြစ်၏။ ထို ၄-ပါးတို့တွင်၊ ငွေမာသက၌ ရေတွက်အပ်သော၊ တပါးတချပ်ကျ လ်ချားခဟု၊ ဒါယကာကဆို၍ ချသွားသော တမတ်တန်စက္ကူကို ရဟန်းကောက်ယူရာ၌၊ တမတ်တန်စက္ကူကို၊ ငွေစက္ကူဟုဆိုရမည်။ ငွေစက္ကူကို၊ ငွေမာသကဟု ဆိုရမည်။ ငွေမာသကကို၊ စွန့်အပ်သော ဝတ္ထုဟု ဆိုရမည်။ ။ဤကား-စွန့်အပ်သော ဝတ္ထု အဆုံးအဖြတ်။

နိဿဂ္ဂိပါစိတ် အာပတ်မည်သည်ကား၊ စွန့်အပ်သော ဝတ္ထုရှိသည်။ စွန့်အပ်သော ဝတ္ထုမည်သည်ကား၊ ဤနေရာဌာန၌ တမတ်တန်စက္ကူဖြစ်သည်။ တမတ်တန်စက္ကူမည်သည်ကား၊ ငွေစက္ကူဖြစ်သည် ။ငွေစက္ကူမည်သည်ကား၊ ငွေမာသက အရာဌာနဖြစ်၍၊ ငွေမည်၏ဟု စွန့်အပ်သော ဝတ္ထုအားဖြင့် ထင်ရှားစေ၍၊ ငွေကို အဘယ်၌ စွန့်အပ်သနည်း၊ သံဃာ၏ အလည်၌ စွန့်အပ်၏။ ဂိုဏ်းအား မစွန့်အပ်၊ ပုဂ္ဂိုလ်အား မစွန့်အပ်။ ဤသို့စွန့်အပ်သော အနက်၊ မစွန့်အပ်သော အနက်ကိုပြလို၍။

သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗန္တိ ဧတ္ထ ယသ္မာ ရူပိယံ အကပ္ပိယံ၊ တသ္မာ နိဿဇ္ဇိတဗ္ဗံ၊ သံဃဿဝါ၊ ဂဏဿဝါ၊ ပုဂ္ဂလဿဝါတိ န ဝုတ္တံ၊ ယသ္မာ ပန တံ ပဋိဂ္ဂဟိတမတ္တေနေဝ န တေန ကိဉ္စိ ကပ္ပိယဘဏ္ဍံ စေတာပိတံ၊ တသ္မာ ဥပါယေန ပရိဘောဂ ဒဿနတ္ထံ သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗန္တိ ဝုတ္တံ။ ။အဋ္ဌကထာ။

သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗန္တိ ဧတ္ထဝစနေ၊ သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗံ-ဟူသော ဤပါဠိ၌။ ယသ္မာ၊ အကြင်ကြောင့်။ ရူပိယံ၊ ရွှေငွေသည်။ အကပ္ပိယံ၊ မအပ်။ တသ္မာ၊ ထို့ကြောင့်။ သံဃဿ၊ သံဃာအား။ နိဿဇ္ဇိတဗ္ဗံ၊ စွန့်အပ်၏။ ဣတိဝါ၊ ဤသို့လည်း။ န ဝုတ္တံ၊ မဆိုအပ်။ ဂဏဿ၊ ဂိုဏ်းအားလည်း။ နိဿဇ္ဇိတဗ္ဗံ၊ စွန့်အပ်၏။ ဣတိဝါ၊ ဤသို့လည်း။ န ဝုတ္တံ၊ မဆိုအပ်။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ နိဿဇ္ဇိတဗ္ဗံ၊ စွန့်အပ်၏။ ဣတိဝါ၊ ဤသို့လည်း။ န ဝုတ္တံ၊ မဆိုအပ်။ ယသ္မာ ပန၊ အကြင်ကြောင့်ကား။ တံ၊ ထိုစွန့်သော ရွှေငွေကို။ ပဋိဂ္ဂဟိတမတ္တေနေဝ၊ အစွန့်ခံယုံမျှသာလျှင်တည်း။ တေန၊ ထိုစွန့်သော ရွှေငွေဖြင့်။ ကိဉ္စိ၊ တစုံတခု။ ကပ္ပိယဘဏ္ဍံ၊ ကပ္ပိယဘဏ္ဍာကို။ န စေတာပိတံ၊ မဝယ်စေအပ်။ တသ္မာ၊ ထို့ကြောင့်။ ဥပါယေန၊ အကြောင်းအားဖြင့်။ ပရိဘောဂ ဒဿနတ္ထံ၊ သုံးဆောင်ပုံကို ပြခြင်းအကျိုးငှာ။ သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗန္တိ၊ သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗံ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ။အနက်။

## စွန့်ပုံကား

သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗံ၊ ဧဝဉ္စပန ဘိက္ခဝေ နိဿဇ္ဇိတဗ္ဗံ၊ တေန ဘိက္ခုနာ သံဃံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဝုဍ္ဎာနံ ဘိက္ခူနံ ပါဒေ ဝန္ဒိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော။ အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ ဣဒံ မေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမီတိ။ ။စွန့်ပုံ။

သံဃမဇ္ဈေ၊ သံဃာ၏အလည်၌၊ နိဿဇ္ဇိတဗ္ဗံ၊ စွန့်အပ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝဉ္စပန၊ ဤသို့လျှင်၊ နိဿဇ္ဇိတဗ္ဗံ၊ စွန့်အပ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်၊ သံဃံ၊ သံဃာသို့၊ ဥပသင်္ကမိတွာ၊ ကပ်၍၊ ဧကံသံ-ဧကသ္မိံ အံသေ၊ လက်ဝဲဘက်ပခုံးထက်၌၊ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်စမွယ်တင်သည်ကို၊ ကရိတွာ၊ ပြု၍၊ ဝုဍ္ဎာနံ၊ ကြီးကုန်သော၊ ဘိက္ခူနံ၊ ရဟန်းတို့၏၊ ပါဒေ၊ ခြေတို့ကို၊ ဝန္ဒိတွာ၊ ရှိခိုး၍၊ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်၊ နိသီဒိတွာ၊ ထိုင်၍၊ အဉ္ဇလိံ၊ လက်အုပ်ကို၊ ပဂ္ဂဟေတွာ၊ ချီ၍၊ ဧဝံ၊ ဤသို့၊ ဝစနီယော၊ ဆိုအပ်သည်၊ အဿ၊ ဖြစ်ရာ၏၊ ဘန္တေ၊ အရှင်ဘုရားတို့၊ အဟံ၊ ငါသည်၊ ရူပိယံ၊ ရွှေငွေကို၊ ပဋိဂ္ဂဟေသိံ၊ ကိုင်ယူမိပြီ၊ ဣဒံ၊ ဤရွှေငွေသည်ကား၊ မေ၊ ငါ၏၊ နိဿဂ္ဂိယံ၊ စွန့်အပ်သော ဝတ္ထုတည်း။ ဣမံ၊ ဤရွှေငွေကို၊ အဟံ၊ ငါသည်၊ သံဃဿ၊ သံဃာအား။ နိဿဇ္ဇာမိ၊ စွန့်ပါ၏၊ ဣတိဧဝံ၊ ဤသို့၊ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ။အနက်။

နိဿဇ္ဇိတွာ အာပတ္တိ ဒေသေတဗ္ဗာ၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန အာပတ္တိ ပဋိဂ္ဂဟေတဗ္ဗာ-ဟူသော ဤစကား၌၊ အပြည့်အစုံမပါ၊ ခန္ဓကပါဠိနှင့် ဆက်၍၊ ဒေသနာကြားခြင်း, ဒေသနာခံခြင်းပြပုံကား။

နိဿဇ္ဇိတွာ အာပတ္တိ ဒေသေတဗ္ဗာ၊ တေန ဘိက္ခဝေ ဘိက္ခုနာ သံဃံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဝုဍ္ဎာနံ ဘိက္ခူနံ ပါဒေ ဝန္ဒိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော။ အဟံ ဘန္တေ ဣတ္ထန္နာမံ အာပတ္တိံ အာပန္နော၊ တံ ပဋိဒေသေမီတိ၊ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန အာပတ္တိ ပဋိဂ္ဂဟေတဗ္ဗာ၊ တေန ဘိက္ခုနာ သံဃော ဉာပေတဗ္ဗော။ သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမော ဘိက္ခု အာပတ္တိံ သရတိ ဝိဝရတိ ဥတ္တာနိံ ကရောတိ ဒေသေတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ဣတ္ထန္နာမဿ ဘိက္ခုနော အာပတ္တိံ ပဋိဂ္ဂဏှေယျန္တိ၊ တေန ဝတ္တဗ္ဗော ပဿသီတိ။ အာမ ပဿာမီတိ။ အာယတိံ သံဝရေယျာသီတိ။ ။ကြားပုံ,ခံပုံ။

နိသဇ္ဇိတွာ၊ စွန့်ပြီး၍။ အာပတ္တိံ၊ အာပတ်ကို။ ဒေသေတဗ္ဗာ၊ ဒေသနာကြားအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ သံဃံ၊ သံဃာသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဧကံသံ-ဧကသို့အံသော၊ လက်ဝဲဘက် ပခုံးထက်၌။ ဥတ္တရာ သင်္ဂံ၊ ကိုယ်ဝတ်စမွယ်တင်သည်ကို။ ကရိတွာ၊ ပြု၍။ ဝုဍ္ဎါနံ၊ ကြီးကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတွာ၊ ထိုင်၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာ၊ ချီ၍။ ဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ ငါသည်။ ဣတ္ထန္နာမံ၊ ဤအမည်ရှိသော။ အာပတ္တိံ၊ အာပတ်သို့။ အာပန္နော၊ ရောက်ပြီ။ တံ၊ ထိုအာပတ်ကို။ ပဋိဒေသေမိ၊ ဒေသနာ ကြားပါ၏။ ဣတိဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ဗျတ္တေန၊ လိမ္မာသော။ ပဋိဗလေန၊ စွမ်းနိုင်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ အာပတ္တိ၊ အာပတ်ကို။ ပဋိဂ္ဂဟေတဗ္ဗာ၊ ခံအပ်၏။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ သံဃော၊ သံဃာတော်ကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာစေသတည်း။ ဣတ္ထန္နာမော၊ ဤအမည်ရှိသော။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ အာပတ္တိံ၊ အာပတ်ကို။ သရတိ၊ အောက်မေ့၏။ ဝိဝရတိ၊ ဖွင့်၏။ ဥတ္တာနံ ကရောတိ၊ ထင်စွာ ပြု၏။ ဒေသေတိ၊ ဒေသနာကြား၏။ သံဃဿ၊ သံဃာအား။ ပတ္တကလ္လံ၊ လျောက်ပတ်သော အခါရှိသော်သည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ အဟံ၊ ငါသည်။ ဣတ္ထန္နာမဿ၊ ဤအမည်ရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ အာပတ္တိံ၊ အာပတ်ကို။ ပဋိဂ္ဂဏှေယျံ၊ ခံရာ၏။ ဣတိဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ တေန၊ ထိုဒေသနာခံသော ရဟန်းသည်။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ပဿသိ၊ ရှုလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ အာမ ပဿာမိ၊ မြင်ရှုပါ၏။ ဣတိဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ အာယတိံ၊ နောင်ခါ။ သံဝရေယျာသိ၊ စောင့်ရှောက်လေလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ။အနက်။

## သုံးဆောင်ပုံကား

သစေ တတ္ထ အာဂန္တွာ အာရာမိကောဝါ၊ ဥပါသကောဝါ၊ သော ဝတ္တဗ္ဗော၊ အာဝုသော ဣမံ ဇာနာဟီတိ။ သစေ သော ဘဏတိ၊ ဣမိနာ ကိံ အာဟရိယျတူတိ။ န ဝတ္တဗ္ဗော ဣမံဝါ ဣမံဝါ အာဟရာတိ၊ ကပ္ပိယံ အာစိက္ခိတဗ္ဗံ၊ သပ္ပိဝါ တေလံဝါ မဓုဝါ ဖာဏိတံဝါ။ သစေ သော တေန ပရိဝတ္တေတွာ ကပ္ပိယ ဘဏ္ဍံ အာဟရတိ၊ ရူပိယပဋိဂ္ဂါဟကံ ဌပေတွာ သဗ္ဗေဟေဝ ပရိဘုဉ္ဇိတဗ္ဗံ။ ။သုံးဆောင်ပုံ"

တတ္ထ၊ ထိုရွှေငွေကို စွန့်ရာ သံဃာ၏အလည်သို့။ အာရာမိကောဝါ၊ အရာမ်စောင့်သည်လည်း။ သစေ အာဂန္တွာတိ၊ အကယ်၍ လာသည်ဖြစ်အံ့။ ဥပါသကောဝါ၊ ဒါယကာသည်လည်း။ သစေ အာဂန္တွာတိ၊ အကယ်၍ လာသည်ဖြစ်အံ့။ သော၊ ထိုဒါယကာကို။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ အာဝုသော၊ ဒါယကာ။ ဣမံ၊ ဤရွှေငွေကို။ ဇာနာဟိ၊ သိလော့၊ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ သော၊ ထိုဒါယကာသည်။ သစေ ဘဏတိ၊ အကယ်၍ ဆိုသည်ဖြစ်အံ့။ ဣမိနာ၊ ဤရွှေငွေဖြင့်။ ကိံ၊ အဘယ်ကို။ အာဟရိယျတု၊ ဆောင်စေလိုသနည်း။ ဣတိ၊ ဤသို့။ သစေ ဘဏာတိ၊ အကယ်၍ ဆိုသည်ဖြစ်အံ့။ န ဝတ္တဗ္ဗော၊ မဆိုအပ်။ ဣမံဝါ၊ ဤမည်သော ဝတ္ထုကိုလည်း။ အာဟရ၊ ဆောင်ခဲ့။ ဣမံဝါ၊ ဤမည်သော ဝတ္ထုကိုလည်း။ အာဟရ၊ ဆောင်ခဲ့။ ဣတိ၊ ဤသို့။ န ဝတ္တဗ္ဗော၊ မဆိုအပ်။ ကပ္ပိယံ၊ အပ်သည်ကို။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ သပ္ပိဝါ၊ ထောပတ်သည်လည်း၊ ကပ္ပိယံ၊ အပ်၏။ တေလံဝါ၊ ဆီသည်လည်း။ ကပ္ပိယံ၊ အပ်၏။ မဓုဝါ၊ ပျားသည်လည်း။ ကပ္ပိယံ၊ အပ်၏။ ဖာဏိတံဝါ၊ တင်လဲသည်လည်း။ ကပ္ပိယံ၊ အပ်၏။ ဣတိ၊ ဤသို့။ ကပ္ပိယံ၊ အပ်သည်ကို။ အာစိက္ခိတဗ္ဗံ၊ ကြားအပ်၏။ သော၊ ထိုဒါယကာသည်။ တေန၊ ထိုရွှေငွေဖြင့်။ ပရိဝတ္တေတွာ၊ ဖလှယ်၍။ ကပ္ပိယ ဘဏ္ဍံ၊ ကပ္ပိယဘဏ္ဍာ

ကို၊ သစေ အာဟရတိ၊ အကယ်၍ ဆောင်သည်ဖြစ်အံ့၊ ရူပိယ ပဋိဂ္ဂါဟကံ၊ ရွှေငွေကိုကိုင်ယူဆောင်သော ရဟန်းကို၊ ဌပေတွာ၊ ထား၍၊ သဗ္ဗေဟေဝ၊ အလုံးစုံသော ရဟန်းတို့သည်သာလျှင်၊ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။ ။အနက်။

ကပ္ပိယ ဘဏ္ဍာကို ရသည်ဖြစ်၍ အပြစ်မရှိပုံ၊ မရသည်ဖြစ်၍ ဒါယကာ စွန့်ပုံ၊ ဒါယကာစွန့်သည်ဖြစ်၍ အပြစ်မရှိပုံ၊ မစွန့်သည်ဖြစ်၍ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ရဟန်းကို၊ ရွှေငွေကို စွန့်ထုတ်သော သူဟု သမုတ်လိုသည်ဖြစ်၍ တောင်းပန်ပုံ၊ တောင်းပန်၍ သင်္ဃာကို သိစေပုံကား။......

**ဧဝဉ္စေတံ လဘေထ၊ ဣစ္စေတံ ကုသလံ။ နောစေ လဘေထ၊ သော ဝတ္တဗ္ဗော အာဝုသော ဣမံ ဆဍ္ဍေဟီတိ။ သစေ သော ဆဍ္ဍေတိ၊ ဣစ္စေတံ ကုသလံ။ နောစေ ဆဍ္ဍေတိ၊ ပဉ္စဟင်္ဂေဟိ သမန္နာဂတော ဘိက္ခု ရူပိယ ဆဍ္ဍကော သမ္မန္နိတဗ္ဗော၊ ယော န ဆန္ဒာဂတိံ ဂစ္ဆေယျ၊ န ဒေါသာဂတိံ ဂစ္ဆေယျ၊ န မောဟာဂတိံ ဂစ္ဆေယျ၊ န ဘယာဂတိံ ဂစ္ဆေယျ၊ ဆဍ္ဍိတာ ဆဍ္ဍိတဉ္စ ဇာနေယျ။ ဧဝဉ္စ ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗော၊ ပဌမံ ဘိက္ခု ယာစိတဗ္ဗော၊ ယာစိတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။** ။သိစေပုံ။

ဧဝံ၊ ဤသို့၊ တံ၊ ထိုကပ္ပိယ ဘဏ္ဍာကို၊ စေ လဘေထ၊ အကယ်၍ ရသည်ဖြစ်အံ့၊ ဣစ္စေတံ-ဣတိဧတံ၊ ဤသို့ရခြင်းသည်၊ ကုသလံ၊ ကောင်း၏၊ နောစေ လဘေထ၊ အကယ်၍ မရသည်ဖြစ်အံ့၊ သော၊ ထိုဒါယကာကို၊ ဝတ္တဗ္ဗော၊ ဆိုအပ်၏၊ အာဝုသော၊ ဒါယကာ၊ ဣမံ၊ ဤရွှေငွေကို၊ ဆဍ္ဍေဟိ၊ စွန့်လော့၊ ဣတိ၊ ဤသို့၊ ဝတ္တဗ္ဗော၊ ဆိုအပ်၏၊ ဣစ္စေတံ-ဣတိဧတံ၊ ဤသို့စွန့်ခြင်းသည်၊ ကုသလံ၊ ကောင်း၏၊ နောစေ ဆဍ္ဍေတိ၊ အကယ်၍ မစွန့်သည်ဖြစ်အံ့၊ ပဉ္စဟင်္ဂေဟိ၊ ငါးပါးသောအင်္ဂါတို့နှင့်၊ သမန္နာဂတော၊ ပြည့်စုံသော၊ ဘိက္ခု၊ ရဟန်း

ကို။ရူပိယ ဆဍ္ဍကော၊ ရွှေငွေကို စွန့်တတ်သောသူဟူ၍၊ သမ္မန္နိ တဗ္ဗော၊ သမုတ်အပ်၏။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဆန္ဒာဂတိံ၊ ဆန္ဒာဂတိသို့။ န ဂစ္ဆေယျ၊ မလိုက်ရာ။ ဒေါသာဂတိံ၊ ဒေါသ ဂတိသို့။ န ဂစ္ဆေယျ၊ မလိုက်ရာ။ မောဟာဂတိံ၊ မောဟာဂတိသို့။ န ဂစ္ဆေယျ၊ မလိုက်ရာ။ ဘယာဂတိံ၊ ဘယာဂတိသို့။ န ဂစ္ဆေယျ၊ မလိုက်ရာ။ ဆဍ္ဍိတာ ဆဍ္ဍိတဉ္စ၊ စွန့်အပ်သည်, မစွန့်အပ်သည်ကို လည်း။ ဇာနေယျ၊ သိရာ၏။ ဣတိ ဣမေဟိ ပဉ္စဟင်္ဂေဟိ၊ ဤငါးပါး သော အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်း ကို။ ရူပိယ ဆဍ္ဍကော၊ ရွှေငွေကို စွန့်တတ်သော သူဟူ၍။ သမ္မန္နိ တဗ္ဗော၊ သမုတ်အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝဉ္စပန၊ ဤသို့လျှင်။ သမ္မန္နိ တဗ္ဗော၊ သမုတ်အပ်၏။ ပဌမံ၊ ရှေးဦးစွာ။ ဘိက္ခု၊ ရဟန်း ကို။ ယာစိတဗ္ဗော၊ တောင်းပန်အပ်၏။ ယာစိတွာ၊ တောင်းပန်၍။ ဗျတ္တေန၊ လိမ်မာသော။ ပဋိဗလေန၊ စွမ်းနိုင်သော။ ဘိက္ခုနာ၊ ရ ဟန်းသည်။သံဃော၊ သံဃာတော်ကို။ဉာပေတဗ္ဗော၊သိစေအပ်၏။ ။ အနက်။

## သမုတ်ပုံကား

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တ ကလ္လံ၊ သံဃော ဣတ္ထန္နာမံ ဘိက္ခုံ ရူပိယဆဍ္ဍကံ သမ္မ န္နေယျ သော ဉာတ္တိ။ ။သုဏာတု မေ ဘန္တေ သံဃော၊ ဣတ္ထန္နာမံ ဘိက္ခုံ ရူပိယဆဍ္ဍကံ သမ္မန္နတိ၊ ယဿာ ယသ္မ တော ခမတိ၊ဣတ္ထန္နာမဿ ဘိက္ခုနော ရူပိယဆဍ္ဍကဿ သမ္မုတိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာ သေယျ။ ။သမ္မတော သံဃေန ဣတ္ထန္နာမော ဘိက္ခု ရူပိ ယဆဍ္ဍကော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမီတိ။ ။သမုတ်ပုံ။

ဘန္တေ၊ အရှင်ဘုရားတို့၊ သံဃော၊ သံဃာတော်သည်။ မေ၊ ငါ ၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာစေသတည်း။ သံဃဿ၊ သံဃာ

အား၊ ပဏ္ဏကသ္မိံ၊ လျှောက်ပတ်သောအခါ၌ရှိသောကံသည်၊ ယဒိဒံ
ယာ၊ အကယ်၍ဖြစ်အံ့။ သံဃော၊ သံဃာတော်သည်၊ ဣတ္ထန္နာမံ၊
ဤအမည်ရှိသော၊ ဘိက္ခုံ၊ ရဟန်းကို၊ ရူပိယဆဍ္ဍကံ၊ ငွေကိုစွန့်
တတ်သောသူဟူ၍၊ သမ္မန္နေယျ၊ သမုတ်ရာ၏၊ ဧသာ ကထာ၊ ဤက
ထာသည်ကား၊ ဉတ္တိ၊ ဉတ်တည်း၊ ဘန္တေ၊ အရှင်ဘုရားတို့။ သံ
ဃော၊ သံဃာတော်သည်။ မေ၊ ငါ၏၊ ဝစနံ၊ စကားကို၊ သုဏာ
တု၊ နာစေသတည်း၊ သံဃော၊ သံဃာတော်သည်။ ဣတ္ထန္နာမံ၊ ဤ
အမည်ရှိသော၊ ဘိက္ခုံ၊ ရဟန်းကို၊ ရူပိယဆဍ္ဍကံ၊ ငွေကိုစွန့်တတ်
သောသူဟူ၍၊ သမ္မန္နတိ၊ သမုတ်၏၊ ဣတ္ထန္နာမဿ၊ ဤအမည်ရှိ
သော၊ ဘိက္ခုနော၊ ရဟန်းကို၊ ရူပိယဆဍ္ဍကဿ၊ ငွေကိုစွန့်တတ်
သောသူဟူ၍၊ သမ္မုတိ၊ သမုတ်ခြင်းကို၊ ယဿ အာယသ္မတော၊
အကြင်အရှင်အား၊ ခမတိ၊ နှစ်သက်၏။ သော၊ ထိုနှစ်သက်သော
အရှင်သည်၊ တုဏှိ၊ ဆိတ်ဆိတ်နေသည်၊ အဿ၊ ဖြစ်ရာ၏။ ယဿ
အာယသ္မတော၊ အကြင်အရှင်အား။ နက္ခမတိ၊ မနှစ်သက်၊ သော၊
ထိုမနှစ်သက်သောအရှင်သည်။ ဘာသေယျ၊ ပြောဆိုရာ၏။ ဧသာ က
ထာ၊ ဤကထာသည်ကား။ ကမ္မဝါစာ၊ ကမ္မဝါစာတည်း၊ တာယ
ကမ္မဝါစာယ၊ ထိုကမ္မဝါစာဖြင့်၊ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း၊
ဧတမတ္ထံ ဧတံ ဧဝမေတံ ဓာရယာမိတိ အတ္ထံ၊ ဤဧဝမေတံ ဓာရယာ
မိ-ဟူသောအနက်ကို။ ဝဒါမိ၊ ငါဆို၏၊ ဧဝံ၊ ဤသို့၊ ဝုတ္တာယ၊ ငါဖြင့်
ဆိုအပ်သော၊ ဉတ္တိဒုတိယ ကမ္မဝါစာယ၊ ဉတ်လျှင် တကြိမ်နှစ်ကြိမ်
မြောက်သော၊ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့်။ သံဃေန၊ သံဃာ
တော်သည်။ ဣတ္ထန္နာမော၊ ဤအမည်ရှိသော၊ ဘိက္ခု၊ ရဟန်းကို၊
ရူပိယဆဍ္ဍကော၊ ငွေကိုစွန့်တတ်သောသူဟူ၍။ သမ္မတော၊ သမုတ်
အပ်ပြီ၊ သံဃဿ၊ သံဃာအား။ ခမတိ၊ နှစ်သက်၏။ တသ္မာ၊ ထို့
ကြောင့်။ တုဏှိ၊ ဆိတ်ဆိတ်နေ၏။ ဧဝံတုဏှိဘာဝံ၊ ဤဆိတ်ဆိတ်
နေသောသဘောကို၊ ဧဝံဧသော ခမနဘာဝေါတိ၊ ဤကားနှစ်သက်
သောသဘောဟူ၍၊ ဓာရယာမိ၊ ငါမှတ်၏၊ ဣတိအယံ၊ ဤသည်
ကား။ သမုတိ၊ သမုတ်ခြင်းတည်း။ ။အနက်။

## သမုတ်ပြီးသော ရဟန်း စွန့်ပစ်ပုံကား

တေန သမ္မတေန ဘိက္ခုနာ အနိမိတ္တံ ကတွာ ပါတေတဗ္ဗံ၊ သစေ နိမိတ္တံ ကတွာ၊ ပါတေတိ အာပတ္တိ ဒုက္ကဋဿ။ ။စွန့်ပစ်ပုံ။

သမ္မတေန၊ သမုတ်လေပြီးသော၊ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်၊ အနိမိတ္တံကတွာ၊ အမှတ်မပြုမူ၍၊ ပါတေတဗ္ဗံ၊ ပစ်ချအပ်၏၊ နိမိတ္တံကတွာ၊ အမှတ်ပြု၍၊ သစေပါတေတိ၊ အကယ်၍ပစ်ချသည် ဖြစ်အံ့၊ ဒုက္ကဋဿ၊ ဒုက္ကဋ်၏အာပတ်သို့၊ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။ ။အနက်။ သာမညပဋိညာတကရဏ သမထ။

## လံချားခ-ဟု ဒါယကာချသွားသော ဝတ္ထုစက္ကူကို ဆရာတော်ပစ္စည်းဟု ရဟန်းကောက်ယူသော အာပတ် အဆုံးအဖြတ် ပြခြင်း

တပါးတချပ်ကျ လံချားခဟု၊ ဒါယကာကဆို၍ ချသွားသော တမတ်တန်စက္ကူကို၊ ဆရာတော်၏ပစ္စည်းဟု အမှတ်ပြု၍ ရဟန်း ကောက်ယူရာ၌၊ ဒုက္ကဋ်အာပတ် ဆုံးဖြတ်ပုံကား။

သထုံ-ဒွဇာရုံဘုရားကြီး၏ ပရဝုဏ်အတွင်း၊ ဦးဘိုးမြ-ဓမ္မာရုံ တွင်၊ ခရိုင်ချုပ်အဖွဲ့ ဆွမ်းကျွေးစဉ်အခါက၊ တပါးတချပ်ကျ လံချားခဟု၊ ဒါယကာကဆို၍၊ ချသွားသော တမတ်တန်စက္ကူကို၊ ကောက်ယူသောရဟန်းကို စစ်ဆေးမေးမြန်းသောကာလ၊ ကောက်ယူသောရဟန်းက၊ ငါသည်ကား၊ ဆရာတော်က ဆွမ်းစားလိုက်ချေဟု စေသောကြောင့်၊ ဆရာတော်၏ကိုယ်စား ဆွမ်းစားလိုက်၏၊ ယခုတပါးတချပ်ကျ လံချားခဟု၊ ဒါယကာကဆို၍ ချသွားသော တမတ်တန်စက္ကူသည်လည်း၊ ဆရာတော်၏ပစ္စည်းသာဖြစ်၏၊ ငါ့ပစ္စည်း မဟုတ်၊ မကောက်မယူဘဲ ထားခဲ့ချေသော်၊ ဘဏ္ဍာစားထိုက်ချေမည်။ ဘဏ္ဍာစား မထိုက်စေခြင်းအကျိုးငှာ၊ ဆရာတော်၏ပစ္စည်းဟု အမှတ်ပြု၍၊ ကောက်ယူပါသည်ဟု ပြောဆိုရကား။

ပဋိညာယ ကာရေတဗ္ဗော-ဟူသည်နှင့်အညီ၊ ဝန်ခံသောအတိုင်း၊ အဆုံးအဖြတ်ပေးရခြေမည်။ ။ပေးပုံကား။

ဆရာတော်၏ပစ္စည်းဟု အမှတ်ပြု၍ ကောက်ယူပါသည် ဆိုသော စကား၌၊ဆရာတော်ဟူသောစကား၏အရ။ မိမိ၏အရလည်းမဟုတ်၊ စေတီ၏အရလည်းမဟုတ်၊နဝကမ္မအရလည်းမဟုတ်၊ ပုဂ္ဂိုလ်၏အရ သာဖြစ်၏။ပုဂ္ဂိုလ်၏အရသာဖြစ်သောကြောင့်၊ ဆရာတော်၏အကျိုး ငှါ၊ကောက်ယူပါသည်ဟူသော အနက်အဓိပ္ပါယ်ရောက်၏။ ရောက် သောအတိုင်း အဖြစ်အောက်သော်ကား၊ တပါးတချပ်ကျ လံချားခ ဟု၊ ဒါယကာကဆို၍ ချသွားသော တမတ်တန်စက္ကူကို၊ဆရာတော် ၏ပစ္စည်းဟု အမှတ်ပြု၍ ရဟန်းကောက်ယူရာ၌၊ ဒုက္ကဋ်အာပတ်ဟု ဆိုရချေမည်။

ဆိုပုံကား

ဥဂ္ဂဏှာတိ အာပတ္တိ ပါစိတ္တိယဿာတိ ဧတ္ထ ဇာတ ရူပရဇတံ အတ္တနော အတ္ထာယ ဥဂ္ဂဏှန္တဿဝါ ဥဂ္ဂဏှာ ပေန္တဿဝါ နိဿဂ္ဂိယံ ပါစိတ္တိယံ။ သံဃ, ဂဏ, ပုဂ္ဂလ, စေတိယ,နဝကမ္မာနံ အတ္ထာယ ဒုက္ကဋံ။ ။ရတနသိက္ခာပုဒ် ဖွင့် အဋ္ဌကထာ။

တတ္ထ နိဿဂ္ဂိယဝတ္ထုံ အတ္တနောဝါ သံဃ, ဂဏ, ပုဂ္ဂလ, စေတိယာနံဝါ အတ္ထာယ သမ္ပဋိစ္ဆိတုံ နဝဋ္ဋတိ အတ္တ နော အတ္ထာယ သမ္ပဋိစ္ဆတော နိဿဂ္ဂိယံ ပါစိတ္တိယံ ဟောတိ။ သေသာနံ အတ္ထာယ ဒုက္ကဋံ။ ။ရူပိယသိက္ခာပုဒ် ဖွင့် အဋ္ဌကထာ။

ဥဂ္ဂဏှာတိ အာပတ္တိ ပါစိတ္တိယဿာတိ ဧတ္ထဝစနေ၊ ဥဂ္ဂဏှာတိ အာပတ္တိ ပါစိတ္တိယဿ-ဟူသော ဤစကား၌၊ ဇာတရူပ ရဇတံ၊ ရွှေ ငွေကို။ အတ္တနော၊ မိမိ၏၊ အတ္ထာယ၊ အကျိုးငှါ၊ ဥဂ္ဂဏှန္တဿဝါ၊ ကောက်ယူသော ရဟန်းအားရင်း၊ဥဂ္ဂဏှာ ပေန္တဿဝါ၊ကောက်ယူ စေလိုသော ရဟန်းအားရင်း၊ နိဿဂ္ဂိယံ၊ စွန့်ခြင်းဝိနည်းကံရှိသော၊ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်၊ ဟောတိ၊ ဖြစ်၏၊ သံဃ, ဂဏ, ပုဂ္ဂလ, စေတိယ, နဝကမ္မာနံ၊ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီ, အမှု သစ်တို့၏၊ အတ္ထာယ၊ အကျိုးငှါ၊ ဥဂ္ဂဏှန္တဿဝါ၊ ကောက်ယူ

သော ရဟန်းအား၎င်း။ ဥဂ္ဂဏှာပေန္တဿ ဝါ၊ ကောက်ယူစေလိုသော ရဟန်းအား၎င်း။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သည်။ ဟောတိ၊ ဖြစ်၏၊ ။ ရတန သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၏ အနက်။

တတ္ထ၊ ထိုနိဿဂ္ဂိယဝတ္ထု, ဒုက္ကဋဝတ္ထု, ကပ္ပိယဝတ္ထု ၃-ပါးတို့တွင်။ နိဿဂ္ဂိယ ဝတ္ထုံ၊ နိဿဂ္ဂိယ ဝတ္ထုကို။ အတ္တနော ဝါ၊ မိမိ၏၎င်း။ သံဃ, ဂဏ, ပုဂ္ဂလ, စေတိယာနံ ဝါ၊ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီတို့၏၎င်း။ အတ္ထာယ၊ အကျိုးငှာ။ သမ္ပဋိစ္ဆိတုံ၊ ခံခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှာ။ သမ္ပဋိစ္ဆတော၊ ခံသော ရဟန်းအား။ နိဿဂ္ဂိယံ၊ စွန့်ခြင်းဝိနည်းကံရှိသော။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ သေသာနံ၊ မိမိမှကြွင်းကုန်သော သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်, စေတီတို့၏။ အတ္ထာယ၊ အကျိုးငှာ။ သမ္ပဋိစ္ဆတော၊ ခံသော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ။ရူပိယ သိက္ခာပုဒ်ဖွင့် အဋ္ဌကထာ အနက်။

ဤကား ဘုပါးတချပ်ကျ လံချားခဟု၊ ဒါယကာကကဆို၍ ချသွားသော တမတ်တန်စက္ကူကို၊ ဆရာတော်၏ ပစ္စည်းဟု အမှတ်ပြု၍ ရဟန်းကောက်ယူရာ၌၊ ဒုက္ကဋ် အာပတ် အဆုံးအဖြတ်။

### ဒေသနာကြားခြင်း, ဒေသနာခံခြင်း ပြုသော်ကား

**အဟံ အာဝုသော ရူပိယံ ဥဂ္ဂဏှိတွာ ဒုက္ကဋံ အာပတ္တိံ အာပန္နော၊ တံ ပဋိဒေသေမီတိ၊ တေန ဝတ္တဗ္ဗော ပဿသီတိ၊ အာမ ပဿာမီတိ၊ အာယတိံ သံဝရေယျာသီတိ။**

### ပြန်

အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ရူပိယံ၊ ရွှေငွေကို။ ဥဂ္ဂဏှိတွာ၊ ကောက်ယူသောကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်မည်သော။ အာပတ္တိံ၊ အာပတ်သို့။ အာပန္နော၊ ရောက်ပြီ။ တံ၊ ထိုအာပတ်ကို။ ပဋိဒေသေမိ၊ ဒေသနာကြားပါ၏။ ဣတိ ဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ တေန၊ ထိုဒေသနာ ခံသော ရဟန်းသည်။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ပဿသိ၊ ရှုလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆို

အပ်၏။ အာမပသသားမိ၊ ဩြောပ်ရူပါ၏။ ဣတိဝေဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အသာ၊ ဖြစ်ရာ၏။ အာယတိံ၊ နောင်ခါ၌။ သံဝရေယျာသိ၊ စောင့်ရှောက်လေလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ။သာမညပဋိညာတကရဏ သမထ။

## သာမည ပဋိညာတကရဏ သမထ မည်သည်ကား။

အဓမ္မိကဋ္ဌာန, ဓမ္မိကဋ္ဌာန ဝိသေသကို အမှတ်မပြုဘဲ၊ သင့်သော အာပတ်သည်ကား၊ အာပတ္တာဓိကရဏ်းမည်၏။ အာပတ္တာဓိကရဏ်းကို ငြိမ်းစေခြင်းသည်ကား၊ ပဋိညာတကရဏသမထမည်၏ ဟု သိယုံမျှဖြစ်၏။ အပြည့်အစုံမဟုတ်၊ အပြည့်အစုံဆိုသော်ကား၊ ပဋိညာဏ် ဝန်ခံချက်ပေး၍ ပြုခြင်းသည်ကား၊ ပဋိညာတကရဏမည်၏။ ထိုပဋိညာတကရဏသည်ကား၊ ၂-ပါး။ ၂-ပါးဟူသော်ကား၊-

ဧဝံခေါ ဘိက္ခဝေ အဓမ္မိကံ ဟောတိ၊ ပဋိညာတကရဏံ ဧဝံ ဓမ္မိကံ၊-ဟု ဟောတော်မူခြင်းကြောင့်၊ အဓမ္မိက ပဋိညာတကရဏလည်း တပါး၊ ဓမ္မိက ပဋိညာတကရဏလည်း တပါး။ ထို၂-ပါးတို့တွင်၊ ဝိနည်းကံအား မလျော်သော၊ မဟုတ်မမှန် ပဋိညာဏ် ဝန်ခံချက်ပေး၍ ပြုသော ပဋိညာတကရဏသည်ကား။ အဓမ္မိက ပဋိညာတကရဏမည်၏။ ဝိနည်းကံအား လျော်သော အဟုတ်အမှန် ပဋိညာဏ် ဝန်ခံချက်ပေး၍ ပြုသော ပဋိညာတကရဏသည်ကား၊ ဓမ္မိက ပဋိညာတကရဏမည်၏။ ထို ၂-ပါးတို့တွင်၊ ဝိနည်းကံ အားမလျော်သော၊ မဟုတ်မမှန် ပဋိညာဏ် ဝန်ခံချက်ပေး၍ ပြုသော အဓမ္မိက ပဋိညာတကရဏကို မဖြစ်စေမူ၍၊ ဝိနည်းကံ အားလျော်သော၊ အဟုတ်အမှန် ပဋိညာဏ် ဝန်ခံချက်ပေး၍ ပြုသော ဓမ္မိက ပဋိညာတကရဏကိုသာ ဖြစ်စေတတ်သော၊ သမ္မုခါ ဝိနယ သမထလည်း တပါး၊ အာပတ္တာဓိကရဏ်းကို ငြိမ်းစေတတ်သော၊ ပဋိညာတကရဏ သမထလည်း တပါး။ ဤ ၂-ပါးသော သမထတို့ဖြင့် ငြိမ်းသော၊ အာပတ္တာဓိကရဏ်းသည်ကား၊ ဝိသေသ ပဋိညာတကရဏ သမထမည်၏။ ဤဝိသေသ ပဋိညာတကရဏ သမထကို ပြုသောကာလ၊ သမထခန္ဓက ပါဠိဖြင့်ပြ၏။ ပြပုံကား။-

**အာပတ္တာဓိကရဏံ ကတီဟိ သမထေဟိ သမ္မတိ။ အာပတ္တာဓိကရဏံ တီဟိ သမထေဟိ သမ္မတိ၊ သမ္မုခါ ဝိနယေန စ၊ ပဋိညာတ ကရဏေန စ၊ တိဏဝတ္ထာရကေန စ။ ။**

အာပတ္တာဓိကရဏံ၊ အာပတ္တာဓိကရုဏ်းသည်။ ကတီဟိ၊ အဘယ်မျှ ကုန်သော၊ သမထေဟိ၊ သမထတို့ဖြင့်။ သမ္မတိ၊ ငြိမ်းသနည်း။ အာပတ္တာဓိကရဏံ၊ အာပတ္တာဓိကရုဏ်းသည်။ တီဟိ၊ သုံးပါးကုန်သော။ သမထေဟိ၊ သမထတို့ဖြင့်၊ သမ္မတိ၊ ငြိမ်း၏။ သမ္မုခါ ဝိနယေန စ၊ သမ္မုခါ ဝိနယ သမထဖြင့်၊ ပဋိညာတ ကရဏေန စ၊ ပဋိညာတကရဏ သမထဖြင့်။ တိဏ ဝတ္ထာရကေန စ၊ တိဏ ဝတ္ထာရက သမထဖြင့်။ ဣတိ ဣမေဟိ တီဟိ သမထေဟိ၊ ဤသုံးပါးသော သမထတို့ဖြင့်၊ သမ္မတိ၊ ငြိမ်း၏။ ။

**သိယာ အာပတ္တာဓိကရဏံ ဧကံ သမထံ အနာဂမ္မ တိဏ ဝတ္ထာရကံ ဒွီဟိ သမထေဟိ သမ္မေယျ။ သမ္မုခါ ဝိနယေန စ ပဋိညာတကရဏေန စာတိ၊ သိယာ တိဿ ဝစနီယံ။ ယထာကထံ ဝိယ။**

အာပတ္တာ ဓိကရဏံ၊ အာပတ္တာဓိကရုဏ်းသည်။ ဧကံ၊ တပါးသော။ သမထံ၊ သမထသို့၊ အနာဂမ္မ၊ မရောက်မူ၍။ တိဏဝတ္ထာရကံ၊ တိဏ ဝတ္ထာရက သမထသို့၊ အနာဂမ္မ၊ မရောက်မူ၍၊ ဒွီဟိ၊ နှစ်ပါးကုန်သော၊ သမထေဟိ၊ သမထတို့ဖြင့်၊ သမ္မေယျ၊ ငြိမ်းရာ၏၊ သမ္မုခါ ဝိနယေန စ၊ သမ္မုခါ ဝိနယ သမထဖြင့်၊ ပဋိညာတ ကရဏေန စ၊ ပဋိညာတကရဏ သမထဖြင့်။ ဣတိ ဣမေဟိ ဒွီဟိ သမထေဟိ၊ ဤ ၂-ပါးသော သမထတို့ဖြင့်။ သမ္မေယျ၊ ငြိမ်းရာ၏၊ တံ အာပတ္တာဓိကရဏံ၊ ထိုအာပတ္တာဓိကရုဏ်းသည်၊ သိယာ၊ ဖြစ်ရာသလော။ ဣတိ၊ ဤသို့၊ ပုစ္ဆာ၊ မေးအပ်သည်။ သတိ၊ ရှိသော်၊ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့၊ ဝစနီယံ၊ ဆိုအပ်သည်၊ အဿ၊ ဖြစ်ရာ၏။ ယထာကထံဝိယ-ယထာဝယေန အာကာရေန၊ အ

ကြင် အခြင်းအရာအားဖြင့်။ သိယာ၊ ဖြစ်ရာ၏။ တထာဝေန အာကာရေန၊ ထိုအခြင်းအရာအားဖြင့်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ ကထံဝေန အာကာရေန၊ အဘယ်သို့သော အခြင်းအရာအားဖြင့်။ သိယာ၊ ဖြစ်ရာသနည်း။

အာပတ်ကိုခံသော တပါးသော ရဟန်းကိုရသည်ဖြစ်၍၊ ဒေသနာကြားခြင်း၊ ဒေသနာခံခြင်းကိုပြပုံကား။-

ဣဓ ဘိက္ခု လဟုကံ အာပတ္တိံ အာပန္နော ဟောတိ၊ တေန ဘိက္ခုဝေ ဘိက္ခုနာ ဧကံ ဘိက္ခုံ ဥပသင်္ကမိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော၊ အဟံ အာဝုသော ဣတ္ထန္နာမံ အာပတ္တိံ အာပန္နော၊ တံ ပဋိဒေသေမီတိ၊ တေန ဝတ္တဗ္ဗော ပဿသီတိ၊ အာမ ပဿာမီတိ၊ အာယတိံ သံဝရေယျာသီတိ။ ။ပြပုံ။

ဣဓ၊ ဤငါဘုရားသာသနာတော်ပြတ်၌။ ဘိက္ခု၊ ရဟန်းသည်။ လဟုကံ၊ ပေါ့သော။ အာပတ္တိံ၊ အာပတ်သို့။ အာပန္နော၊ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ဧကံ၊ တပါးသော။ ဘိက္ခုံ၊ ရဟန်းသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဧကံသံ-ဧကသ္မိံအံသေ၊ လက်ဝဲတဘက် ပခုံးထက်၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်စမွယ် တင်သည်ကို။ ကရိတွာ၊ ပြု၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတွာ၊ ထိုင်၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာ၊ ချီ၍။ ဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဣတ္ထန္နာမံ၊ ဤမည်ရှိသော။ အာပတ္တိံ၊ အာပတ်သို့။ အာပန္နော၊ ရောက်ပြီ။ တံ၊ ထိုအာပတ်ကို။ ပဋိဒေသေမိ၊ ဒေသနာကြားပါ၏။ ဣတိဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ တေန၊ ထိုဒေသနာခံသော ရဟန်းသည်။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ပဿသိ၊ ရှုလော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ အာမပဿာမိ၊ ပြောင်ရှုပါ၏။ ဣတိဧဝံ၊ ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်

ရှာ၏။ ဒုဝါယတိ၊ နှောင်ခါ။ သံဝရေယျာသိ၊ စောင့်ရှောက်လေလော့။ ဣတိ၊ ဤသို့။ ဝတ္တမ္ဗော၊ ဆိုအပ်၏။

ဒေသနာကြွားခြင်း၊ ဒေသနာခံခြင်းကိုပြု၍၊ နှစ်ပါးသော သမထတို့ဖြင့် အဓိကရဏ်းငြိမ်းပုံကား။-

**ဣဒံ ဝုစ္စတိ ဘိက္ခဝေ အဓိကရဏံ ရူပသန္တံ၊ ကေန ရူပသန္တံ၊ သမ္မုခါ ဝိနယေန စ ပဋိညာတကရဏေန စ။** ငြိမ်းပုံ။

